# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၀ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၀၂၀)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

# အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

ကျွန်မတို့ ပြည်သူတွေအနေနဲ့ အခုလောက်ဆိုရင် ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်လို့ တော်တော်သိနေကြပြီ ထင်ပါတယ်။ အချက်အလက်တွေ အကြောင်းကို တော်တော်သိနေကြပါပြီ။ ဒါပေမယ့် သိနေရုံနဲ့တော့ မလုံလောက်ပါဘူး။ ဒီအချက်အလက်တွေအပေါ်မှာ အခြေခံပြီးတော့ နေထိုင်တတ်ဖို့က အဓိကအရေးကြီးတယ်ဆိုတာ ထပ်ပြီးတော့ သတိပေးပါရစေ။

အခု ကြည့်လိုက်တဲ့အခါကျတော့ ဒုတိယလှိုင်းစတာက စစ်တွေဘက်က စတယ်ဆိုပေမယ့် အများဆုံး မြန်မြန်ပြန့်ပွားသွားတာကတော့ ရန်ကုန်တိုင်းမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုရက်ပိုင်းအတွင်းပေါ့။ အရင်တစ်ပတ်အတွင်းမှာဆိုရင် ရန်ကုန်တိုင်းဒေသကြီးဟာ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်ပြီဆိုတာ တွေ့ရပါတယ်။ လုံးဝထိန်းချုပ်နိုင်တယ်လို့ ပြောတာမဟုတ်ပါဘူး။ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်တာပေါ့။ အဲဒါကတော့ မြန်မြန်ဆန်ဆန် စမ်းသပ်နိုင်တဲ့ Test Kit တွေ များများသုံးနိုင်လို့ပဲ ဖြစ်တယ်။ နောက်ပြီး ပြည်သူတွေလည်း ပိုပြီးဂရုစိုက်လာလို့လည်းဖြစ်တယ်လို့ ထင်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*


**“ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆိုရင် ပြဿနာတွေကို ပိုပြီးတော့ မြန်မြန်ဆန်ဆန် ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ပြဿနာဆိုတာတော့ ရင်ဆိုင်ရမှာပဲ။ တစ်ခုမဟုတ်တစ်ခု ရင်ဆိုင်နေရမှာပဲ။ ဒါကတော့ လောကဓမ္မတာလို့လည်း ပြောချင်တယ်”**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်**


စာ ၂


**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UEHRD ကော်မတီ၏ (၃) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အဖွင့်မိန့်ခွန်း**


စာ ၅


**ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာဘဝခရီးစဉ်**

ဆောင်းပါး


စာ ၆၊၇



CB BANK
Best Digital Bank 2020
By ASIAMONEY

ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။

- Payroll Service
- Other Banks Transfer (MMK/USD)
- Bill Payment
- Non Trade Payment
- IRD Tax Payment
- Bulk Payment

မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။

ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။

CRM

Contact Center : 01-231 777 0

# သတိဆက်ထား မပေါ့ဆဘဲ ညီညီညွတ်ညွတ် ရင်ဆိုင်ကြစို့

ရန်ကုန်၏ ပုံပြဇယားနှင့် ဂရပ်များက ကိုဗစ်ရောဂါပိုးကူးစက် ပျံ့နှံ့မှုနှုန်း ကျလာနေသည်ကို ပြနေသည်။ သို့သော်လည်း ယင်းကို လုံးဝအေးချမ်းသွားပြီဟု ယူဆလို့မရ။ အမှန်မှာ ဆက်လက်တိုးပွားလာနိုင်သေးသာဖြစ်၍ဟု တွက်ဆကာ သတိကြီးကြီး ဆက်ထားနေကြရပါဦးမည်။ ထို့ပြင် ရန်ကုန်တွင် ဂရပ်မျဉ်းက အကျဘက်သို့ ဆင်းလာနေပြီဟု ဆိုသော်လည်း မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အနည်းငယ်တက်လာနေသည်ကို သတိပြုမိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့ သတိကြီးကြီးထားမှုကို ဆက်လက်ထိန်းထားကြရန် လိုပါမည်။ လုံးဝပေါ့ဆလို့ မရသေးသည့်အချိန်။

အချိန်အတန်အသင့်ရလာသည့်အခါ အတွေ့အကြုံနှင့် ဆည်းပူးစရာတို့ပေါ်မူတည်ကာ မြန်မာပြည်သူလူထုသည် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နားလည်သင့်သော အခြေခံအချက်အလက်များကို သဘောပေါက်နေကြပြီဟု ယူဆရပါသည်။

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများက အများဆုံးပေါက်ဖွား၏။ လူထူထပ်မှုရှိလျှင် ရှိသလောက် အန္တရာယ်ကြီး၏။ အပြင်မထွက်ဘဲ အိမ်တွင်းနေ့သာနေခြင်း၊ ပြင်ပက လာသူများနှင့် ထိတွေ့ဆက်ဆံမှုမပြုခြင်းသည် ပိုးကူးစက်နိုင်သည့် အခြေအနေကများစွာဝေးကွာ လုံခြုံလိမ့်မည်ဖြစ်၏။ မဖြစ်မနေ ထွက်ရမည်ဆိုလျှင် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ မျက်နှာဖုံးတပ်ခြင်းတို့က ကူးစက်မှုအန္တရာယ်က သက်သာစေမည်ဖြစ်၏။ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စနစ်တကျ ဆေးကြောခြင်းက ရောဂါပိုးကူးစက်မှုကို ဟန့်တားနိုင်မည်။ မိမိ၏ မျက်နှာ၊ အထူးသဖြင့် မျက်စိ၊ ပါးစပ်တို့ကို လက်ဖြင့် မကိုင်တွယ်မိအောင် သတိထားရမည် စသည့် အခြေခံအချက်များက လူတိုင်း သိရှိနားလည်နေကြပြီ ဖြစ်၏။ ထိုနားလည်သည်ကို ဆက်လက်လိုက်နာ ကျင့်ဆောင်ကြရန်က အရေးကြီးသည့် အချိန်ဖြစ်ပါသည်။

နေထိုင်ရမည့် အမူအကျင့်နှင့် စည်းကမ်းတို့ကို နားလည်သဘောပေါက်လာကြပြီဖြစ်သော်လည်း ပုံမှန်မဟုတ်သော စနစ်တစ်ခု၊ တင်းကျပ်သည့် အမူအလေ့ဖြင့် နေရကြာလာသည့်အခါ ငြီးငွေ့မှုဖြစ်ခြင်း၊ ပေါ့ဆလာတတ်ခြင်းတို့က ဖြစ်လာတတ်သည့် သဘာဝရှိသည့်အတွက် လုံးဝစိတ်ချလက်ချနေထိုင်ကြဖို့ အခြေအနေမပေးချိန်တွင် ကြီးစွာသော သတိထားဖြင့်နေကြဖို့ နှိုးဆော်နေရခြင်းဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း လူထူထပ်မှုနှင့် လူစုလူဝေးတို့က ကူးစက်ပြန့်ပွားမှုဖြစ်လေရာ၊ လူစုလူဝေး များလျှင် များသလို ရောဂါပိုးရှိသူတစ်ဦးမှသည် အခြားသောသူ ရာဂဏန်းထိ ကူးစက်သွားနိုင်သည်ဟု မှတ်ယူကြရန်လိုပါသည်။ ကူးစက်မှုပြန့်ပွားမှု စာရင်းထဲတွင် မိမိကိုယ်တိုင် မပါဝင်ရေးသည် မိမိ၏ အသက်ရှင်သန်မှုသာမက၊ မိမိ၏ မိသားစု၊ မိမိ၏ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် သက်ဆိုင်ပါသည်။ ထို့ပြင် ပင်ပန်းတကြီးရုန်းကန်နေကြရသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီပေးနေကြသော စေတနာ့ဝန်ထမ်းများနှင့် နိုင်ငံတော် တစ်နည်းအားဖြင့်ဆိုရလျှင် ပြည်သူလူထုအားလုံးအပေါ်သို့ ဝန်ပိုမပိစေရန် ထိန်းသိမ်းခြင်းလည်း ဖြစ်ပါသည်။

ယခုလို ကပ်ရောဂါနှင့် နဖူးတွေ့ဒူးတွေ့ နပန်းလုံးနေရသည့်ကြားတွင် ဒီမိုကရေစီအပြောင်းအလဲအတွက် ဆက်လက်ရင်ဆိုင်ကြရဦးမည့် နိုဝင်ဘာရွေးကောက်ပွဲကို ဖြတ်သန်းရေးကလည်း ရှိနေပေသေးသည်။ ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ်ခွင့်ရမည့် လွှတ်တော်အသီးသီးက ပြည်သူ့ကိုယ်စားလှယ်များနှင့် ထိုပြည်သူ့ကိုယ်စားလှယ်အများစုက ရွေးချယ်သည့်အစိုးရအဖွဲ့ ပေါ်ပေါက်ခြင်းဟူသည့်စနစ် မြဲမြံတည်တံ့ရေးသည် ရွေးကောက်ပွဲများပေါ်တွင် တည်မှီနေခြင်းဖြစ်ပါသည်။

ထို့ပြင် ကြီးမားသော စိန်ခေါ်မှုအဖြစ်ရှိနေသည့် စီးပွားရေး အကျပ်အတည်း၊ ပြည်သူလူထု၏ နေ့စဉ်ဘဝများ ချောင်လည်ပြေလည်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးပွားရေး စသည်တို့ကလည်း လက်ငင်း ရင်ဆိုင်ဖြေရှင်းရဦးမည်ဖြစ်၏။

နိုင်ငံအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရင်ဆိုင်နေရသည့် အကျပ်အတည်းများ၊ ဖြေရှင်းနေရသည့် စိန်ခေါ်မှုများမှာ အများအပြားပင် ဖြစ်ပါသည်။

ထိုထိုသော အခက်အခဲ အကျပ်အတည်းနှင့် စိန်ခေါ်မှုများကို ကျော်လွှားအောင်မြင်နိုင်ရေးအတွက် အခရာကျသည့်အချက်မှာ ပြည်သူတို့ စည်းလုံးညီညွတ်မှုအင်အားဖြစ်ပါသည်။ မတူညီမှုများကြားက အချင်းချင်း ယုံယုံကြည်ကြည် စည်းလုံးညီညွတ်စွာ အားထုတ်ကြိုးပမ်းကြခြင်းဖြင့် လင်းလက်တောက်ပသော အနာဂတ်ကို မျှော်လင့်ကြပါစို့။ ။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2- SARS-CoV-2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသောလူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာ ကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှု များအားလည်းကောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့်ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများအား လည်းကောင်း ဖော်ညွှန်းရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဆောင်းပါးပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ်မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ ယှဉ်ပြိုင်ရပါမည်။

**ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ**

ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲသို့ နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကဗျာပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၁ မျက်နှာမှ ၂ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း၊ ဝတ္ထုတို ပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း ပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက် ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို နိုဝင်ဘာလ (၁၆) ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

သတင်းစဉ်

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ကာတွန်းပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ပုံများ စသည်တို့ကို ဖော်ညွှန်းရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။

**ကာတွန်းပြိုင်ပွဲ**

ကာတွန်းပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် ကာတွန်းတစ်ပုံသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကာတွန်းများကို လက်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ ရေးဆွဲယှဉ်ပြိုင်နိုင်ပြီး A3 အရွယ်စာရွက်ဖြင့် ရေးဆွဲပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သည့် ကာတွန်းကို ဆေးရောင်စုံခြယ်၍ ယှဉ်ပြိုင်နိုင်သော်လည်း ရောင်စုံခဲတံ၊ ရောင်စုံ ဖယောင်းနှင့် အဏုမြူဆေးရောင်စုံတို့ကို အသုံးမပြုရပါ။

**ပေးပို့ရန်**

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်ကာတွန်းကို ကိုယ်တိုင်ရေးကာတွန်းဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကာတွန်းများကို နိုဝင်ဘာလ (၁၆) ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

သတင်းစဉ်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၉ - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

✻ ရှေ့ဖုံးမှ

ဒါပေမယ့် တစ်ချိန်တည်းမှာတော့ တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဥပမာဆိုရင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့မှာတော့ နည်းနည်းပိုပြီး တက်လာတယ်ဆိုတာ ကျွန်မတို့သတိပြုမိပါတယ်။ အဲဒီတော့ နေရာတိုင်းမှာ သတိထားဖို့လိုပါတယ်။ ရန်ကုန်မှာတင် အန္တရာယ်ရှိတယ်ဆိုပြီး မပေါ့ကြပါနဲ့။ ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်ကိုလည်း ရောက်လာနိုင်တယ်၊ အချိန်မရွေးရောက်လာနိုင်တယ်ဆိုတာ သတိပြုစေချင်ပါတယ်။ ရောဂါပိုးရှိတဲ့သူတစ်ယောက်ကနေ ၁၀၀ လောက်အထိ ပြန့်ပွားနိုင်ပါတယ်။ အထူးသဖြင့်ပေါ့။ စောစောစီးစီး မတွေ့ရင် တစ်ယောက်ကနေပြီးတော့ သူနဲ့ပြောဆိုဆက်ဆံတဲ့၊ ဆိုပါတော့ ၂၀ လောက်အထိ ပြန့်သွားတယ်။ ၂၀ ထဲက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကနေစပြန့်မယ်ဆိုရင် တစ်ယောက်ကနေပြီးတော့ ၁၀၀ လောက်အထိတောင်မှ ပြန့်နိုင်တယ်။ ဒါထက်မက မများဘူးလို့လည်း ပြောလို့မရပါဘူး။ ဒါကြောင့် သတိဆိုတာ အခုအချိန်မှာ လွန်ကဲတယ်လို့ မရှိဘူးဆိုတာ ထပ်ပြီး သတိပေးပါရစေ။

> “အခု နိုင်ငံတော်ဘက်က ကြည့်လိုက်တဲ့အခါကျတော့ ကိုဗစ်ရောဂါဖြစ်တာ နည်းနည်းကြာလာတာ အထူးသဖြင့် ဒုတိယလှိုင်းပေါ့။ ဖြစ်ပြီးတဲ့ နောက်မှာဆိုရင် စီးပွားရေးအရ ကျွန်မတို့ ပြည်သူတော်တော်များများမှာ ရုန်းကန်ရတဲ့ ဘဝရောက်လာတယ်ဆိုတာ သတိပြုမိပါတယ်။ အဲဒါတွေအတွက်လည်း နိုင်ငံတော်ကနေ ဘယ်လောက်အထိ လုပ်နိုင်မယ်၊ ဘယ်လိုနည်းတွေနဲ့ ပံ့ပိုးနိုင်မလဲဆိုတာ တစ်ချိန်လုံးပဲ စဉ်းစားပြီးတော့ လိုအပ်ရင်လိုအပ်သလို တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါမယ်။ ဖြည့်ဆည်းလည်းပေးနေပါတယ်။ အဲဒီတော့ ပြည်သူတွေကလည်း သာမန်ဘဝလိုမဟုတ်ဘဲ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာကိုတော့ သည်းညည်းခံပေးစေချင်ပါတယ်”

အခု နိုင်ငံတော်ဘက်က ကြည့်လိုက်တဲ့အခါကျတော့ ကိုဗစ်ရောဂါဖြစ်တာ နည်းနည်းကြာလာတာ အထူးသဖြင့် ဒုတိယလှိုင်းပေါ့။ ဖြစ်ပြီးတဲ့ နောက်မှာဆိုရင် စီးပွားရေးအရ ကျွန်မတို့ ပြည်သူတော်တော်များများမှာ ရုန်းကန်ရတဲ့ ဘဝရောက်လာတယ်ဆိုတာ သတိပြုမိပါတယ်။ အဲဒါတွေအတွက်လည်း နိုင်ငံတော်ကနေ ဘယ်လောက်အထိ လုပ်နိုင်မယ်၊ ဘယ်လိုနည်းတွေနဲ့ ပံ့ပိုးနိုင်မလဲဆိုတာ တစ်ချိန်လုံးပဲ စဉ်းစားပြီးတော့ လိုအပ်ရင်လိုအပ်သလို တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါမယ်။ ဖြည့်ဆည်းလည်းပေးနေပါတယ်။ အဲဒီတော့ ပြည်သူတွေကလည်း သာမန်ဘဝလို မဟုတ်ဘဲ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာကိုတော့ သည်းညည်းခံပေးစေချင်ပါတယ်။ ကျွန်မတို့ ပစ်မထားပါဘူး။ ဒါပေမယ့် ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ဆိုရင် ပြဿနာတွေကို ပိုပြီးတော့ မြန်မြန်ဆန်ဆန်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ပြဿနာဆိုတာတော့ ရင်ဆိုင်ရမှာပဲ။ တစ်ခုမဟုတ်တစ်ခု ရင်ဆိုင်နေရမှာပဲ။ ဒါကတော့ လောကဓမ္မတာလို့လည်း ပြောချင်ပါတယ်။ ဒီလို ပြဿနာကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ကသာ အဓိကဖြစ်ပါတယ်။

ကျွန်မ ပြည်သူတွေကို ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ တင်ပြတဲ့အခါမှာ ပထမဦးဆုံး လိုအပ်ချက်ကတော့ ဖြောင့်မတ်မှုပဲလို့ ဒီလိုပဲ ယူဆပါတယ်။ မှန်မှန်ကန်ကန်အပြစ်ကို အပြစ်အတိုင်းပြောသွားဖို့ လိုတယ်။ ဒါမှလည်း ကျွန်မတို့ပြည်သူတွေဟာ ဘယ်လိုနေရမယ်၊ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို တွက်ဆနိုင်မှာပါ။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ခြိမ်းခြောက်တဲ့ ပုံစံမျိုးနဲ့ လုံးဝမလုပ်စေချင်ပါဘူး။ မလုပ်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိုးရိမ်လွန်ရင်လည်း ဘယ်သူတစ်ယောက်မှ အကျိုးမပြုပါဘူး။ တစ်ဖက်ကလည်း ကျွန်မတို့ ပြည်သူတွေ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဆက်ပြီးတော့ ဒီစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်တဲ့အထိ ရပ်တည်နိုင်သလို တစ်ဖက်ကလည်း အန္တရာယ်တွေကို ပြည့်ပြည့်ဝဝ နားလည်ရမယ်။

ပေါ့ဆရင် ဘယ်လိုဖြစ်နိုင်လဲ၊ ဘယ်လောက်အတိုင်းအတာအထိ ဖြစ်နိုင်မလဲဆိုတာကိုလည်း သေသေချာချာ နားလည်နိုင်အောင်လို့ ကျွန်မတို့ ကြိုးစားပါတယ်။ ဒါကြောင့် အဘက်ဘက်က ကြိုးစားတယ်ဆိုတဲ့အခါမှာ သမားတော်ကြီးတွေ၊ ကျွမ်းကျင်ပညာရှင်များရဲ့ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေကိုတင်ပြတာဟာ၊ ပြည်သူတွေအနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ သိသင့်သိထိုက်တဲ့ကိစ္စတွေ၊ သိချင်တဲ့ ကိစ္စတွေကိုသိအောင်လို့၊ တစ်ဖက်ကလည်း ကိုဗစ်ရောဂါနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူများနဲ့ ဆွေးနွေးမှုတွေ လုပ်တယ်ဆိုတာဟာ ကိုယ်မဖြစ်စေချင်တဲ့ ကိစ္စတွေနဲ့ ရင်ဆိုင်ရပြီဆိုရင် ဘယ်လိုကျော်လွှားရမယ်။ ဘယ်လိုရပ်တည်ရမလဲဆိုတာကို ကျွန်မတို့ ပြည်သူတွေကို ကိုယ့်ကိုယ်ကိုယ် သင်ယူစေချင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကတော့ တူမှာမဟုတ်ဘူး။ ဒါကြောင့် လူတိုင်းလူတိုင်းဟာ ကိုယ့်အမြင် ကိုယ့်ရပ်တည်ချက်နဲ့ ကိုယ့်ရဲ့စိတ်နေစိတ်ထားတွေ ရှိပါတယ်။ ကိုယ့်မှာရှိတဲ့ အစွမ်းအစတွေနဲ့ ကိုယ်ရင်ဆိုင်ရတဲ့ ကိစ္စတွေကို ကျော်လွှားရမယ်။ တခြားသူတွေက ဘယ်လိုလုပ်တယ်၊ ဘယ်လို နေထိုင်သွားတယ်ဆိုတာဟာ ကိုယ့်အတွက်စဉ်းစားစရာ၊ တစ်ခါတလေလည်း ဒါကို နမူနာအနေဖြင့် ယူလို့ရတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါကတော့ သူက ဒီလိုဖြစ်ခဲ့တယ်။ ငါကတော့ ဒီလိုမဖြစ်အောင်ရှောင်မယ်။ ဒါကိုသူဒီလို ကျော်လွှားခဲ့တယ်၊ သူ့လိုပဲ ကျော်လွှားနိုင်မှာပဲဆိုတဲ့ အတွေးတွေနဲ့ သင်ခန်းစာတွေယူပြီးတော့ အထောက်အကူဖြစ်အောင်လို့ အစီအစဉ်တွေကို လုပ်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်ရင်၊ အချိန်ပေးနိုင်ရင်၊ ကျန်းမာရေး၊ ပညာပေး၊ နောက်ပြီးတော့ ကိုဗစ်ရောဂါရရှိပြီးဖြစ်လို့ ဒီရောဂါကို ကျော်လွှားခဲ့တဲ့ ပြည်သူတွေရဲ့ ဆွေးနွေးပွဲတွေကို နားထောင်စေချင်ပါတယ်။

နောက်တစ်ခုကတော့ အခုအချိန်မှာ မပြောမဖြစ်ပြောရမယ့်၊ ကိုဗစ်နဲ့တွဲပြီး ကျော်လွှားရမယ့် စိန်ခေါ်မှုတစ်ခုကတော့ ရွေးကောက်ပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ပြောရရင် နိုင်ငံခြားရောက်နေတဲ့ ကျွန်မတို့ပြည်သူတွေ ရွေးကောက်ပွဲမှာ တက်တက်ကြွကြွ ပါဝင်မှုကို အမြဲပဲထည့်ထည့်ပြောပါတယ်။ ဘာဖြစ်လို့ ကျွန်မဒီလိုပြောရလဲဆိုရင် ဘယ်လောက်ပဲ ဝေးနေပါစေ၊ ဘယ်လောက်ပဲ နိုင်ငံနဲ့ကွဲကွာနေပါစေ၊ နိုင်ငံအတွက် အမြဲပဲစဉ်းစားနေတဲ့ တကယ့်ကို နိုင်ငံသူနိုင်ငံသား စိတ်ဓာတ်တွေရှိတယ်ဆိုတာ ကျွန်မတို့ အားလုံးအတွက် အင်အားဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံခြားကနေပြီးတော့ ကြိုတင်မဲပေးမှုတွေဟာ ပြီးလောက်ပါပြီ။ ဒီအပတ် သောကြာနေ့ ကျွန်မ ပြောတဲ့အခါမှာ ခြုံငုံပြီးတော့ ဘယ်နှယောက် မဲပေးနိုင်ခဲ့တယ်ဆိုတာ တင်ပြလို့ရမယ်လို့ ထင်ပါတယ်။

ဒီနေ့ဆိုရင် ဝမ်းသာစရာ ယူအေအီးက ကျွန်မတို့ရဲ့ ပြည်သူတွေဆီကနေ စာတစ်စောင်ရပါတယ်။ ယူအေအီးဆိုရင် ကျွန်မတို့ သံရုံးမရှိပါဘူး။ သံရုံးမရှိပေမယ့် ယူအေအီးမှာ အလုပ်လုပ်နေတဲ့ ကျွန်မတို့ ပြည်သူတွေရှိပါတယ်။ ဒီပြည်သူတွေဟာ အင်မတန်မှ မဲပေးချင်ပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်ချင်တယ်။ ဒါပေမယ့်လည်း အနီးဆုံးသံရုံးဖြစ်တဲ့ ဆော်ဒီအာရေးဗီးယား မြို့တော် ရီယက်ဒ်ကို လာဖို့ဆိုတာဟာ သူတို့အတွက် အဆင်မပြေပါဘူး။ ဒါကြောင့် ယူအေအီးမှာ မဲပေးလို့ရအောင်လို့ စီစဉ်ပေးပါလို့ တောင်းဆိုတဲ့အခါ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနက တတ်နိုင်သမျှဒီကိစ္စကို အောင်မြင်အောင် လုပ်ပေးခဲ့တော့ ဝမ်းသာစရာ အောင်မြင်သွားပါတယ်။ ရီယက်ဒ်က သံရုံးဝန်ထမ်းတွေက ယူအေအီးကို သွားပြီးတော့ ယူအေအီးမှာ မဲထည့်ချင်တဲ့ ကျွန်မတို့ပြည်သူတွေအတွက် ဟိုတယ်တစ်ခုမှာ မဲရုံထောင်ပေးနိုင်ခဲ့ပါတယ်။ အဲဒီတော့ ပြည်သူတွေကလည်း တက်တက်ကြွကြွနဲ့ မဲပေးခဲ့ကြပါတယ်။ ဒါဟာ ကျွန်မတို့ နိုင်ငံအတွက် အများကြီး ဂုဏ်ယူစရာဖြစ်ပါတယ်။ ဂုဏ်ယူတယ်ဆိုတာ ကျွန်မတို့ ပြည်သူတွေရဲ့ နိုင်ငံအပေါ်မှာထားရှိတဲ့ သံယောဇဉ်၊ နိုင်ငံသားတာဝန်ကျေပွန်မှုဟာ ဂုဏ်ယူစရာဖြစ်တယ်။ ဝန်ထမ်းတွေရဲ့ တာဝန်ကျေမှုကိုလည်း ဂုဏ်ယူစရာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရီယက်ဒ်က ဝန်ထမ်းတွေကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဝန်ထမ်းတွေပါပဲ။ တကယ့်ကို လုပ်ပေးချင်တဲ့ စိတ်စေတနာရှိလို့သာ ဒီဟာကို အခက်အခဲတွေကြားထဲကနေပြီးတော့ အောင်အောင်မြင်မြင် လုပ်ပေးနိုင်တာဖြစ်ပါတယ်။ အဲဒီတော့ သင်ခန်းစာက ဘာလဲဆိုတော့ တကယ်ဆန္ဒရှိရင် ကျွန်မခဏခဏပြောတဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာအောင်မြင်ခြင်း တရားလေးပါးဆိုတာ လူတိုင်းလူတိုင်းမှာ စွဲကိုင်ထားလို့ ရပါတယ်။ ဒီအောင်မြင်ခြင်း တရား (၄) ပါးနဲ့ အခု ရင်ဆိုင်နေရတဲ့ ကိုဗစ်နဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုတွေကိုလည်းကျော်လွှားနိုင်မယ်၊နောက်ပြီးတော့အထွေထွေရွေးကောက်ပွဲကိုလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ကိုဗစ်ရောဂါနဲ့ ပတ်သက်လို့ မကြာခဏ ကျွန်မပြောတဲ့ ကာကွယ်ဆေးတစ်ခု ဘယ်တော့ရမလဲပေါ့။ ဒါဟာ အခုထက်ထိတော့ မသေချာသေးပါဘူး။ အများကတော့ နိုင်ငံတကာမှာ နှစ်ကုန်လောက်၊ နောက်နှစ်ဆန်းလောက်မှာတော့ ဖြစ်မြောက်နိုင်မယ်လို့ ယုံကြည်နေကြပါတယ်။ သို့သော်လည်း ၁၀၀ ရာခိုင်နှုန်းတော့ အာမခံချက်မရှိသေးဘူးပေါ့။ တကယ်ပဲ ဖြစ်ပြီဆိုမှပဲ အာမခံချက်ရှိမှာပေါ့။ တချို့ နိုင်ငံတွေမှာ ဒီစမ်းသပ်မှုကို ခဏရပ်တန့်ထားတယ်ဆိုပြီးတော့လည်း ကြားရပါတယ်။ ဒါကြောင့်လည်း သိပ်ပြီးတော့ စိတ်ပူစရာလည်း မလိုပါဘူး။

တချို့နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံမှာ ဒီလိုစမ်းသပ်တဲ့အခါကျရင် လိုက်နာရမယ့် စည်းကမ်းစည်းမျဉ်း၊ ဥပဒေကလည်း မတူပါဘူး။ သူတို့ရဲ့ နိုင်ငံရေးအနေအထား၊ လူမှုရေးအနေအထားတွေကလည်း မတူပါဘူး။ ဒါကြောင့် တစ်နေရာမှာရပ်ထားလို့ ဆက်ပြီးတော့ မလုပ်ဘူးလို့လည်း ပြောလို့ရတာ မဟုတ်ပါဘူး။ ဆက်ပြီးတော့ လုပ်နေကြမှာပဲ။ အားလုံးတစ်ကမ္ဘာလုံးမှာ ဒီလိုဆေးမျိုးကို ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကရော၊ နိုင်ငံတော်အစိုးရတွေကရော ဒီကိစ္စကို အလေးထားပြီးတော့ ဆောင်ရွက်နေကြပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေဟာ ကာကွယ်ဆေးရတဲ့အထိတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာပဲ။ ကာကွယ်ဆေးရပြီးရင်လည်း ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာပဲ။ နောက်ဆုံးကျတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် အားကိုးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတစ်နိုင်ငံအတွင်းမှာဆိုရင် ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်ဆိုတဲ့နေရာမှာ အချင်းချင်း အားကိုးဖို့ဆိုတာလည်း နိုင်ငံတစ်ခုရဲ့ အဓိက လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ အချင်းချင်း အားကိုးတယ်ဆိုတာ ညီညွတ်မှုပါပဲ။ တစ်ယောက်ကို တစ်ယောက်အားကိုးတယ်၊ တစ်ယောက်ကို တစ်ယောက်ယုံကြည်တယ်။ အဲဒီလို ညီညွတ်မှုရှိမယ်ဆိုရင် ကျွန်မတို့ ပြည်သူတွေအတွက် ဘယ်လိုစိန်ခေါ်မှုတွေပဲ ပေါ်လာ ပေါ်လာ မကျော်လွှားနိုင်တာ မရှိဘူးဆိုတာကို ယုံကြည်စေချင်ပါတယ်။ ဒါကြောင့် အားလုံး ကျန်းမာချမ်းသာအောင်နေကြပါ။ ရွေးကောက်ပွဲမှာ တက်တက်ကြွကြွ ပါဝင်နိုင်အောင်နေကြပါ။ ရွေးကောက်ပွဲမှာ ကျန်းကျန်းမာမာနဲ့ မဲပေးနိုင်ဖို့ အတွက်လည်း နိုင်ငံတော်ကနေပြီးတော့ တတ်အားသမျှ စီစဉ်ပေးနေပါတယ်လို့ ပြောချင်ပါတယ်။

အားလုံး ကျန်းမာချမ်းသာအောင် နေနိုင်ပါစေ။

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး ၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးတက္ကသိုလ် (၂)ရန်ကုန် ၊ပါမောက္ခ (အပူပိုင်း/ကူးစက်) ပါမောက္ခ ဒေါက်တာစံပယ်ဖြူ တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ ၃ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ ၃ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application Online System ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ UEHRD ကော်မတီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UEHRD ၏ Task Force အဖွဲ့ဝင်များ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NGOs၊ INGOs များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ ၃ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကျင်းပစဉ်။ သတင်းစဉ်

အခမ်းအနားတွင် UEHRD ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်း Video Message ကို ထုတ်လွှင့် ပြသသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်မိန့်ခွန်း အပြည့်အစုံကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် UEHRD ကော်မတီ၏ ၃ နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

(ခ) **အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့်** အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဂ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဃ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(င) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(စ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဆ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဇ) အဆိုပါမြို့နယ် (၂) ခုမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ (ဃ) နှင့် (ဆ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀-၁၀-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

**(ဒေါက်တာမြင့်ထွေး)**
**ပြည်ထောင်စုဝန်ကြီး**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## အမုန်းစကားမပြောရ။



တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် အောက်တိုဘာ ၁၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**




အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UEHRD ကော်မတီ၏ (၃) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်)

အားလုံးကို ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီကနေ့ အခမ်းအနားကို ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်အတွင်းမှာ ARSA အကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုကနေစတင်ခဲ့တဲ့ ဖြစ်စဉ်များကြောင့် တစ်ဖက်နိုင်ငံကို ထွက်ခွာသွားခဲ့ကြတဲ့သူတွေကို စနစ်တကျ ပြန်လည်လက်ခံဖို့၊ ပြည်တွင်းမှာကျန်ရှိနေတဲ့သူတွေအတွက် နေရာချထားဖို့နဲ့ ပြန်လည်ထူထောင်နိုင်ဖို့၊ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီးတော့ ရေရှည်ပဋိပက္ခတွေ ကင်းဝေးပြီး အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြည်သူများအားလုံးပါဝင်တဲ့ ပြည်ထောင်စုစီမံကိန်း အဖြစ် ဖွဲ့စည်းခဲ့တဲ့ UEHRD ကော်မတီရဲ့ (၃)နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပခြင်းပဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့ဆိုတာ အဲဒီနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအားလုံးမှာ တာဝန်ရှိသလို နိုင်ငံကို ဦးဆောင်တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်တဲ့ အစိုးရကလည်း နိုင်ငံရဲ့ နေရာဒေသအားလုံး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့ လိုအပ်တဲ့ဖွဲ့စည်းမှုတွေ၊ စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အဲဒီစီမံဆောင်ရွက်မှုတွေအနက် UEHRD စီမံကိန်းကော်မတီဟာ ရခိုင်ပြည်နယ်အတွက် သီးသန့်ရည်ရွယ်ဆောင်ရွက်နေတဲ့ စီမံကိန်းတစ်ခု၊ ကော်မတီတစ်ခု ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ ရှေးဘိုးဘွားဘီဘင်များ လက်ထက်ကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ အတူယှဉ်တွဲနေထိုင်လာခဲ့ကြတဲ့ နိုင်ငံဖြစ်ပါတယ်။ မတူညီမှုတွေကို အခြေခံပြီး ညီညွတ်ရေးဆောက်တည်ခြင်းကို အချိန်ကာလမရွေး၊ အစဉ်တစိုက် လုပ်ဆောင်နေရမှာပါ။ ယခုအချိန်မှာတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု ဆောက်တည်ရေးလုပ်ငန်းများ အထူးလိုအပ်နေပါတယ်။

ရခိုင်ပြည်နယ်မှာ ကာလအဆက်ဆက် ဖြစ်တည်နေခဲ့တဲ့ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တာတွေ၊ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေဟာ စိန်ခေါ်မှုတွေအနေနဲ့ရှိနေပြီး ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်မတို့အစိုးရအဖွဲ့အနေနဲ့ စတင်တာဝန်ယူချိန်ကတည်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ဗဟိုကော်မတီရဲ့အောက်မှာ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၄)ခုကို ထပ်မံဖွဲ့စည်းပြီး အားဖြည့်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေကတော့ အစိုးရဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ ဖွဲ့စည်းထားပြီး ဌာနအလိုက် သက်ဆိုင်တဲ့လုပ်ငန်းရပ်တွေကို ဆောင်ရွက်ပေးကြတာ ဖြစ်ပါတယ်။

UEHRD ဟာ အစိုးရဌာနဆိုင်ရာ လုပ်ငန်းများအပြင်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဟဇာတဖြစ်ရေးစတဲ့ ကဏ္ဍစုံမှာ လုပ်ငန်းရှင်ကြီးတွေ၊ ပညာရှင်ကြီးတွေရဲ့ အကြံဉာဏ်တွေ၊ ပြည်တွင်း၊ ပြည်ပ ပူးပေါင်းပါဝင်မှုတွေ၊ အထောက်အပံ့တွေနဲ့ပါ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ နေရာဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဖွဲ့စည်းမှုပုံစံအသစ်နဲ့ ပထမဦးဆုံးဆောင်ရွက်ခဲ့တဲ့ ပြည်ထောင်စုစီမံကိန်း ဖြစ်တယ်ဆိုတာကို ပြောချင်ပါတယ်။

UEHRD ဟာ စတင်ဖွဲ့စည်းပြီးချိန်မှာပဲ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ သတ်မှတ်ကာလအတွင်း စတင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်လက်ခံရေးစခန်း (၂)ခုနဲ့ ယာယီကြားစခန်းတစ်ခု တည်ဆောက်ရေးကို ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီး အကန့်အသတ်များစွာကြားက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တဲ့အတွက် သတ်မှတ်ထားတဲ့ အချိန် (၂)လကျော် (၃)လ အတွင်းမှာပဲ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် အဆင်သင့် ဖြစ်စေခဲ့ပါတယ်။ တာဝန်ရှိလို့ ဆောင်ရွက်တာမျိုးမဟုတ်ဘဲ ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်ကို တာဝန်သိစွာ၊ တာဝန်ကျေပွန်စွာနဲ့ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့တယ်ဆိုတာကို ကျွန်မတို့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အဲဒီလို ပြန်လည်လက်ခံရေးအတွက် တစ်ဖက်က ဆောင်ရွက်နေတဲ့တစ်ချိန်တည်းမှာ ပြည်နယ်အတွင်းက အကူအညီလိုနေသူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ဖို့ နိုင်ငံအနှံ့အပြားက စေတနာ့ဝန်ထမ်းလူငယ်တွေနဲ့ **"UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်"** ကို ဖော်ဆောင်ကာ အစားအစာတွေ၊ ရိက္ခာတွေ ဖြန့်ဝေထောက်ပံ့မှု ပြုခဲ့ကြပါတယ်။ ဒီနေရာမှာ ကျွန်မပြောချင်တာက လူကြီးတွေက ကဏ္ဍအသီးသီးကနေ ပါဝင်နေသလို ကျွန်မတို့ရဲ့ လူငယ်တွေကလည်း တစ်ထောင့်တစ်နေရာက ပူးပေါင်းပါဝင်ခဲ့ကြတယ်ဆိုတာပါပဲ။

"UEHRD ကော်မတီ" လို့ ဆိုတဲ့အခါမှာ UEHRD ကော်မတီဝင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အတတ်ပညာရှင်တွေ၊ လူငယ် လူရွယ် လူလတ်အသီးသီးနဲ့ ဖွဲ့စည်းထားတဲ့ UEHRD Task Force များရဲ့ ဆောင်ရွက်ချက်တွေကို ညွှန်းဆိုနေတာ ဖြစ်ပါတယ်။ Task Force အသီးသီးဟာ သက်ဆိုင်ရာကျွမ်းကျင်တဲ့ ကဏ္ဍအလိုက် ဖွဲ့စည်းပြီး ကိုယ့်ကဏ္ဍနဲ့ကိုယ် တစိုက်မတ်မတ် ဆောင်ရွက်နေကြလို့ အခုလို UEHRD ကော်မတီ လုပ်ငန်းဆောင်ရွက်ချက်ဆိုတာကြီး ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UEHRD ကော်မတီ၏ (၃) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အဖွင့် မိန့်ခွန်းပြောကြားစဉ်။

UEHRD ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ရေရှည် ပဋိပက္ခကင်းဝေးရေးတို့အတွက် ဆောင်ရွက်ဖို့ဆိုတဲ့ လုပ်ငန်းတာဝန် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နေတယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

UEHRD အနေနဲ့ တစ်ဖက်ကို ထွက်သွားသူတွေကို စိစစ်လက်ခံပြီးရင် ပြန်လည်နေရာချထားဖို့နဲ့ တစ်ဖက်ကိုမသွားဘဲ ဒေသတွင်းမှာ မိမိတို့ရဲ့ အိုးအိမ်တွေကို စွန့်ခွာပြီး နေထိုင်ကြရတဲ့သူတွေကို ပြန်လည်နေရာချထားဖို့အတွက် နေအိမ်တွေ တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပေးရေးတွေမှာလည်း အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ချီးမွမ်း ဂုဏ်ပြုရပါမယ်။

ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ ရခိုင်ပြည်နယ်အစိုးရနဲ့ လုပ်ငန်းရှင်ကြီးတွေ၊ ပြည်သူတွေအပြင် နိုင်ငံတကာက ကျွန်မတို့ရဲ့မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့အစည်းတွေကလည်း ကူညီထောက်ပံ့ ဖြည့်ဆည်းပေးခဲ့ကြတာတွေအတွက် ကျေးဇူးတင် အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း UEHRD ရဲ့ လူသားချင်းစာနာမှုလုပ်ငန်းစဉ်တွေမှာ ကျွန်မတို့နဲ့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) နဲ့ IFRC, ICRC တို့ ပူးပေါင်းပြီး Red Cross Movement (RCM) အစီအစဉ်အဖြစ် ဖြစ်စဉ်တွေ စတင်ကတည်းက ဖွဲ့စည်းဆောင်ရွက်ပေးနေတာဟာ ယခုထိတိုင် ဖြစ်ပါတယ်။ ဒ့ါအပြင် WFP ကလည်း COVID–19 မတိုင်မီရော၊ အခု COVID–19 ဖြစ်ပွားမှုကာလတွေအထိ ရခိုင်ပြည်နယ်အတွင်းမှာ စားနပ်ရိက္ခာ အပါအဝင် ထောက်ပံ့မှုတွေကို စဉ်ဆက်မပြတ် ထောက်ပံ့ဆောင်ရွက်ပေးခဲ့တာအတွက်လည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံများနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ကလည်း "One ASEAN One Response" ဆိုတဲ့အတိုင်း ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်တွေမှာ ကျွန်မတို့နဲ့အတူ လိုအပ်တဲ့ ထောက်ပံ့ကူညီမှုတွေကို မပြတ်ဆောင်ရွက်ပေးနေသလို မိတ်ဆွေနိုင်ငံများကလည်း ပါဝင်ကူညီခဲ့ကြပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ကူညီထောက်ပံ့မှုများ များစွာ ပါဝင်ခဲ့တာကို ကျွန်မတို့အနေနဲ့ ကျေးဇူးတင်အသိအမှတ်ပြုပါတယ်။

ဒီနေရာမှာ ကျွန်မပြောချင်တာက ဘယ်လုပ်ငန်းမဆို အခက်အခဲ အတားအဆီးနဲ့ မကင်းနိုင်ပါဘူး။ ကျွန်မတို့ ဘယ်လောက်ပဲ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့ လုပ်ချင်ပါတယ်ဆိုဆို အဟန့်အတားတွေကိုတော့ အမြဲကြုံတွေ့နေရမှာဖြစ်တယ် ဆိုတာကိုတော့ သိစေချင်ပါတယ်။

ကျွန်မတို့အနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်ဖွံ့ဖြိုးရေးတွေကို ကြိုးပမ်းဆောင်ရွက်နေတဲ့ကာလတွေ အတောအတွင်းမှာပဲ ရခိုင်ပြည်နယ်အတွင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေ တိုးမြင့်ပေါ်ပေါက်လာခဲ့ပါတယ်။ ဒ့ါအပြင် အခု ကမ္ဘာနဲ့တစ်ဝန်း ကြုံတွေ့နေရတဲ့ COVID–19 ကူးစက်ရောဂါရဲ့ ဒုတိယလှိုင်းလို့ သတ်မှတ်ရမယ့် တိုက်ခိုက်မှုဒဏ်ကိုလည်း ရခိုင်ပြည်နယ်အပါအဝင် ကျွန်မတို့ အားလုံးကြုံတွေ့နေရပါတယ်။

ဒီအခက်အခဲတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ဖို့ဆိုရင် အရေးအကြီးဆုံးက ကျွန်မတို့ ပြည်သူတွေ စည်းကမ်းတကျ လိုက်နာဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာစကားပုံမှာ "လက်သည်းဆိတ်ရင် လက်ထိပ်နာတယ်" ဆိုတာ ရှိပါတယ်၊ ရခိုင်ပြည်နယ်မှာမှ မဟုတ်ပါဘူး နိုင်ငံရဲ့ ဘယ်နေရာ ဘယ်ဒေသမှာပဲဖြစ်ဖြစ် ပဋိပက္ခဖြစ်ပွားမှုတွေ၊ ရောဂါကျရောက်မှုတွေခံစားရတယ်။ တွေ့ကြုံရတယ်ဆိုရင် မြန်မာတစ်နိုင်ငံလုံးရဲ့ဒုက္ခ၊ မြန်မာတစ်နိုင်ငံလုံးရဲ့ အခက်အခဲပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာတစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ (၈)လပိုင်းတုန်းက ရခိုင်ပြည်နယ်ရဲ့ COVID– 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်တဲ့ စကားဝိုင်းမှာ ကျွန်မ ပြောခဲ့ဖူးပါတယ်။ **"ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်"** ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်ကြ၊ ကြည့်တတ်ကြဖို့ပါပဲ။ ဒါမှလည်း ကျွန်မတို့နိုင်ငံ အခွန့်ရှည်တည်တံ့ပြီး ကျွန်မတို့အားလုံး မျှော်မှန်းတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ကျွန်မတို့ ထူထောင်နိုင်ပြီး အနာဂတ်မျိုးဆက်သစ်တွေကို မှန်ကန်ကောင်းမွန်တဲ့ အမွေအဖြစ် လက်ဆင့်ကမ်းပေးနိုင်ခဲ့မှာပဲ ဖြစ်ပါတယ်။

> **"UEHRD ဟာ စတင်ဖွဲ့စည်းပြီးချိန်မှာပဲ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ သတ်မှတ်ကာလအတွင်း စတင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်လက်ခံရေး စခန်း (၂)ခုနဲ့ ယာယီကြားစခန်းတစ်ခု တည်ဆောက်ရေးကို ပြည်နယ်အစိုးရနဲ့ပူးပေါင်းပြီး အကန့်အသတ်များစွာကြားက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တဲ့အတွက် သတ်မှတ်ထားတဲ့ အချိန် (၂)လကျော် (၃)လ အတွင်းမှာပဲ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် အဆင်သင့်ဖြစ်စေခဲ့"**

ကျွန်မပြောချင်တာ တစ်ချက်ရှိပါသေးတယ်။ အဲဒါကတော့ ကျန်းမာရေးပဲ ဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်။ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုလုပ်ငန်းတွေမှာ ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ COVID–19 ကူးစက်ပြန့်ပွားနေမှု အခြေအနေအရ ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိ၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ အမူအကျင့်တွေ အမြဲရှိနေဖို့လိုပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းကို ပြောချင်တာ ဖြစ်သလို UEHRD ကော်မတီမှာ ပါဝင်ဆောင်ရွက်နေသူများ အားလုံးကိုလည်း သတိပေးတာဖြစ်ပါတယ်။ UEHRD ကျန်းမာရေး Task Force အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအပိုင်းများမှာ တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေတာ ဖြစ်လို့ အထူးမှာကြားရတာ ဖြစ်ပါတယ်။ မိမိတို့ကိုယ်တိုင် စနစ်တကျနေထိုင်ပြီး ကျန်းမာနေမှ ကော်မတီရဲ့ လုပ်ငန်းတွေကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်မှာဖြစ်လို့ မိမိတို့အားလုံး အလုပ်ကိုလည်း လုပ်ကြပါ။ ကျန်းမာရေးကိုလည်း ဂရုပြုကြပါလို့ ပြောချင်ပါတယ်။

ပြီးခဲ့တဲ့ UEHRD (၂)နှစ်ပြည့်ကာလမှာ ပြောခဲ့တာ ရှိပါတယ်၊ ကျွန်မတို့ ဆောင်ရွက်နေတာဟာ ပြည်ထောင်စုကြီးအတွက် နောင်နှစ်ကာလ မြောက်မြားစွာ ခေတ်အဆက်ဆက် ကောင်းဖို့အတွက် လုပ်နေတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကို နိုင်ငံသူ နိုင်ငံသားများ၊ ပြည်ထောင်စုသားသမီးများအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြေရှင်းနိုင်မယ်ဆိုရင် နောင်လာနောက်သားတွေအတွက် အင်မတန်မှ တန်ဖိုးဖြတ်လို့မရတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့ အမွေအနှစ်ဖြစ်လာပြီး အဲ့ဒီအမွေအနှစ်ကို ကျွန်မတို့ ထားခဲ့နိုင်မှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်တွေနဲ့ပတ်သက်ရင် ကျွန်မတို့ရဲ့ ဆောင်ရွက်မှုတွေအပေါ် အပြုသဘော ကြည့်မြင်ပြီး ဝိုင်းဝန်းကူညီကြတာတွေရှိသလို လိုအပ်ချက်တွေ အားနည်းချက်တွေပဲ ထောက်ပြဝေဖန်ပြီး ပိုမိုဆိုးရွားတဲ့ အခြေအနေတွေအထိ ရောက်အောင် တွန်းပို့နေကြတဲ့ ပြည်တွင်း/ပြည်ပ အသိုက်အဝန်းတွေလည်း ရှိနေတာဖြစ်တဲ့အတွက် သတိကြီးကြီးထားပြီး ဆောင်ရွက်ကြဖို့ လိုတယ်ဆိုတာကိုလည်း သတိပေးလိုပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ ရခိုင်ပြည်နယ်အပါအဝင် ကျွန်မတို့ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ရာမှာ **"မည်သူမျှ မကျန်ရစ်စေရ"** ဆိုတဲ့ မူကို လက်ကိုင်ပြုလို့ ဆောင်ရွက်နေတယ်ဆိုတာ ထပ်လောင်းအသိပေး ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ ပါဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့၊ ဆောင်ရွက်ပေးနေကြတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူတွေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေ၊ ကျွန်မတို့ရဲ့ လုပ်ငန်းရှင်ကြီးတွေ၊ UEHRD ကော်မတီဝင်တွေ၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ UEHRD ရဲ့ Task Force အဖွဲ့ဝင်တွေ၊ စေတနာရှင်ပြည်သူတွေ၊ အစရှိတဲ့ တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။

COVID–19 ကပ်ရောဂါဘေးကလည်း ကင်းဝေးကြပါစေ၊ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးကို စွမ်းနိုင်သမျှ ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာဘဝခရီးစဉ်

အပိုင်း (၁)

ဒေါက်တာ သန်းဦး



ဒေါက်တာ သန်းဦး

"နာဂတ်သက်သေ၊ ကမ္ဘာကြေလည်း
မကျေတို့စွာ၊ အံ့မောရာသည်၊
နောင်လာပြောဖို့၊ ဥဒါန်းတည်း"
မန်လည်ဆရာတော်ဘုရားကြီး
မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ်
အပုဒ် (၇၈)၊ စာ ၄၈

## တက္ကသိုလ် ဝေါဟာရ အဓိပ္ပာယ်

မြန်မာအဘိဓာန်တွင် တက္ကသိုလ်ဟူသော ဝေါဟာရကို

"တက္ကသိုလ် / တက်ဂသို / န - အဆင့်မြင့် ပညာရပ်များကို သင်ကြားဆည်းပူးရာကျောင်းကြီး [ပါ၊ တက္ကသီလ] ဟူ၍၊ လိုရင်းတိုရှင်း ဖွင့်ဆိုထားသည်ကို လေ့လာတွေ့မြင် မှတ်သားနိုင်ပါသည်။

## တက္ကသိုလ် စတင်တည်ထောင်ခြင်း

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပထမဆုံး တက္ကသိုလ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ အဆင့်မြင့်ပညာရေးဗိမာန်တစ်ခု ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်ကို စတင်ဖွဲ့စည်း တည်ထောင်စဉ်က **အပေါင်းပါ ကောလိပ်စနစ်** (Collegiate System) ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ပါဝင်သည့် -

(၁) ရန်ကုန်ကောလိပ်ကို အမည်ပြောင်းထားသည့် **တက္ကသိုလ်ကောလိပ်** (မူလက ရန်ကုန်အစိုးရအထက်တန်းကျောင်း၊ နောက် ရန်ကုန်ကောလိပ်ဖြစ်လာသည်။ ယခုအမှတ် ၁-အထက၊ လသာ)

(၂) **ဂျပ်ဆင်ကောလိပ်** (မူလက၊ ကူရှင်အထက်တန်းကျောင်း၊ နောက် ဘက်ပတစ်ကောလိပ်၊ ယခုအမှတ် - ၄ - အထက၊ အလုံ)

နှစ်ကျောင်းသည် ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များ ဖြစ်ခဲ့ကြပါသည်။ အဆိုပါစနစ်ဖြင့် ရန်ကုန်တက္ကသိုလ်ကို ပထမဦးစွာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

## ရန်ကုန်တက္ကသိုလ်၏ ပထမပိုင်းဘဝ (၁၉၂၀-၁၉၄၂)

စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်၏ ပထမဘဝသည် ရန်ကုန်တက္ကသိုလ်အဖြစ် စတင်တည်ထောင်ခဲ့သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာသော ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ၂၂ နှစ် ကြာကာလ ဖြစ်သည်။ စစ်မီးကူးစက်လာသဖြင့် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဘုရင်ခံ၏ အမိန့်ဖြင့် ရန်ကုန်တက္ကသိုလ်ကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေ ပြင်ဆင်ချက်အရ နယ်များတွင် ကောလိပ်များ ဖွင့်လှစ်ခွင့်ရှိရလာသည့်အလျောက် ၁၉၂၅ ခုနှစ် ဇွန်လတွင် မန္တလေးမြို့ ဥပစာကောလိပ် (Intermediate College) ကို ရန်ကုန်တက္ကသိုလ်က ကွပ်ကဲအုပ်ချုပ်ရသည့် ကောလိပ်အဖြစ် ဖွင့်လှစ်ခွင့်ရခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဆရာဖြစ်သင် ကောလိပ်နှင့် ဆေးကောလိပ်တို့ကို ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသော ကောလိပ်များအဖြစ် သီးခြားခွဲ၍ တည်ထောင်ရာ ဆရာဖြစ်သင်ကောလိပ် (Teacher Training College-TTC) ကို ၁၉၃၁ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း၊ ဆေးကောလိပ် (Medical College) ကို ၁၉၃၁ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ကြသည်။



၁၉၆၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ရန်ကုန်တက္ကသိုလ် အဓိပတိဖြစ်သူ ဝန်ကြီးချုပ် ဦးနုက ဦးသန်းဦးအား ရွှေတံဆိပ်ဆု ချီးမြှင့်စဉ်။

၁၉၃၈ ခုနှစ်တွင် မန္တလေးမြို့ရှိ စိုက်ပျိုးရေးကောလိပ် (Agricultural College) ကိုလည်း ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသော ကောလိပ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်မီး ကူးစက်လာသော ကာလအထိ တည်ထောင်ဖွင့်လှစ်ခဲ့ပြီးသော ကောလိပ်များမှာ (၁) တက္ကသိုလ်ကောလိပ်၊ (၂) ဂျပ်ဆင်ကောလိပ်၊ (၃) မန္တလေးဥပစာကောလိပ်၊ (၄) ဆရာဖြစ်သင်ကောလိပ် (၅) ဆေးကောလိပ်နှင့် (၆) စိုက်ပျိုးရေးကောလိပ်တို့ ဖြစ်ကြသည်။

ထိုကောလိပ်ခြောက်ခုတွင် မန္တလေး ဥပစာကောလိပ်သည် ရန်ကုန်တက္ကသိုလ်က ကွပ်ကဲအုပ်ချုပ်သော ကောလိပ်ဖြစ်၍ ကျန်ကောလိပ် ငါးခုမှာ ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသော ကောလိပ်များ ဖြစ်ခဲ့ကြသည်။

ဤသည်မှာ အမိရန်ကုန်တက္ကသိုလ်၏ ပထမဘဝ ပုံရိပ်အဖြစ် ကောင်းစွာမြင်တွေ့ရခြင်း ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်ကို အပေါင်းပါ ကောလိပ်စနစ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ၂၂ နှစ်ကြာ ကာလအတွင်း သင်ကြားရေးနှင့် စပ်လျဉ်းသည့်စနစ်ကို လေ့လာကြည့်ပါက ဘာသာတွဲစနစ် (Combination System) ဖြင့် သင်ကြားပို့ချခဲ့သည်ကို တွေ့ရသည်။

အဆိုပါ ဘာသာတွဲစနစ်အရ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရသူသည် ဝိဇ္ဇာဘာသာတွဲ သို့တည်းမဟုတ် သိပ္ပံဘာသာတွဲကို **ဥပစာတန်း** (Intermediate Class) ၌ နှစ်နှစ် ဆည်းပူးခြင်း ပြုရပါသည်။ သဘောအားဖြင့် မိမိတို့ နှစ်သက်ရာ ဝိဇ္ဇာဘာသာရပ်တွဲကိုဖြစ်စေ၊ သိပ္ပံဘာသာရပ်တွဲကိုဖြစ်စေ တက္ကသိုလ်သို့ စတင်တက်ရောက်သောအခါ၌ ရွေးချယ်သင်ယူကြခြင်း ဖြစ်ပေသည်။ **ဥပစာဝိဇ္ဇာ** ဘာသာတွဲတွင် အင်္ဂလိပ်နှင့် မြန်မာစာတို့မှာ မယူမနေရ ဘာသာနှစ်ရပ်ဖြစ်၍ မိမိနှစ်သက်ရာ ဝိဇ္ဇာဘာသာရပ်သုံးရပ်ကို ဘာသာတွဲအဖြစ် သင်ယူရပါသည်။ **ဥပစာသိပ္ပံ**ဘာသာတွဲတွင် အင်္ဂလိပ်စာနှင့် မြန်မာစာတို့မှာ မယူမနေရ ဘာသာနှစ်ရပ်ဖြစ်၍ မိမိနှစ်သက်ရာ သိပ္ပံဘာသာရပ် သုံးရပ်ကို ဘာသာတွဲအဖြစ် သင်ယူရပါသည်။

ဥပစာတန်း၌ နှစ်နှစ် သင်ယူအောင်မြင်ပြီးနောက် နောက်ထပ် နှစ်နှစ်ကို ဘွဲ့ကြို၊ ဝိဇ္ဇာဘွဲ့ (B.A)၊ သိပ္ပံဘွဲ့ (B.Sc) တန်းများသို့ တက်ရောက်သင်ယူဆည်းပူးရပါသည်။ ဘွဲ့လွန်မဟာတန်းများသို့ ဆက်လက်ဆည်းပူးနိုင်ပါသည်။

(က) **တက္ကသိုလ်ကောလိပ်** တွင် အောက်ဖော်ပြပါ ဘာသာရပ်များကို သင်ကြားသင်ယူသည်-

(၁) အင်္ဂလိပ်စာ၊ (၂) အင်္ဂလိပ်ဘာသာနှင့်စာပေ၊ (၃) ပင်ရင်း မြန်မာစာဘာသာ၊ (၄) စိတ်ကြိုက် မြန်မာစာဘာသာ၊ (၅) ပါဠိ၊ (၆) သင်္ချာ၊ (၇) ရာဇဝင်၊ (၈) ဓာတုဗေဒ၊ (၉) ရူပဗေဒ၊ (၁၀) ဇီဝဗေဒ၊ (၁၁) ဘောဂဗေဒ၊ (၁၂) ပထဝီဝင်၊ (၁၃) ဘူမိဗေဒ၊ (၁၄) ဥပဒေ၊ (၁၅) သစ်တော၊ (၁၆) အင်ဂျင်နီယာ။

(ခ) **ဂျပ်ဆင်ကောလိပ်** တွင်လည်း တက္ကသိုလ်ကောလိပ်မှာကဲ့သို့ ဘာသာရပ်များကို သင်ကြားသင်ယူရသည်။ သို့ရာတွင် ပထဝီဝင်နှင့် ဘူမိဗေဒအစား ယုတ္တိဗေဒကို သင်ကြားသင်ယူရသည်။ ဝိဇ္ဇာတန်းတွင် ဒဿနိကဗေဒကို သင်ကြားသင်ယူနိုင်သည်။

(ဂ) **မန္တလေးဥပစာကောလိပ်** တွင်မူ (၁) အင်္ဂလိပ်စာ (၂) ပင်ရင်း မြန်မာစာဘာသာ၊ (၃) ပါဠိ၊(၄) သင်္ချာ၊ (၅) ယုတ္တိဗေဒ၊ (၆) ရာဇဝင်၊ (၇) ရူပဗေဒ၊ (၈) ဓာတုဗေဒဘာသာရပ်များကို သင်ကြားပေးသည်။

စာမျက်နှာ ၇ သို့

"ရန်ကုန်တက္ကသိုလ် တည်ထောင်စတွင် တစည်းတလုံးတည်းသော ယူနစ်ထရီစနစ် (Unitary System) ဖြင့် ဖွဲ့စည်း တည်ထောင်ရန် စီစဉ်ခဲ့သော်လည်း အမေရိကန်သာသနာပြုအဖွဲ့ က ၎င်းတို့၏ ဂျပ်ဆင်ကောလိပ်ကို ဖျက်သိမ်းရန် သဘောမတူသည့်အတွက် ကောလိပ်စနစ် (Collegiate System) ဖြင့် ဖွဲ့စည်းရန်ကို လက်ခံကာ ရန်ကုန်ကောလိပ်ကို တက္ကသိုလ် ကောလိပ်ဟု အမည်ပြောင်းလဲ၍ တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကို ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်များအဖြစ် သတ်မှတ်ပြီး ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့သည်။"
ရန်ကုန်တက္ကသိုလ်ခုနှစ်ဆယ့်ငါးနှစ် အစီရင်ခံစာ စာမျက်နှာ - ၃ မှ ကောက်နုတ်ဖော်ပြချက်



*စာမျက်နှာ ၆ မှ*

### သင်ကြားမှု အဓိကဘာသာ (Medium of Instruction) သင်ကြားပို့ချသည့် ဘာသာ

မြန်မာဘာသာရပ်မှလွဲ၍ဘာသာရပ်များအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချပေးပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးလောက်တွင် ရာဇဝင်နှင့် ပါဠိဘာသာနှစ်ရပ်ကို မြန်မာဘာသာဖြင့် စတင်သင်ကြားခဲ့ကြောင်း လေ့လာမှတ်သားရသည်။

### ဘွဲ့အပ်နှင်းခြင်း

စစ်ကြိုခေတ် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း မှန်မှန်ပင် ကျင်းပခဲ့ပေသည်။ ပထမဦးဆုံး ဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပခဲ့သည်။ အဆိုပါ ဘွဲ့နှင်းသဘင်တွင် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ [Doctor of Letters, (Honoris Causa] ကို အဂ္ဂမဟာ ပဏ္ဍိတ မဟာသီရိလယ်တီ ဆရာတော် ဘုရားကြီးအား လည်းကောင်း၊ ဂုဏ်ထူးဆောင် မဟာဘွဲ့ [Master of Arts (Honoris Causa) ကို C.Duroiselle] အမည်တွင်သူ လူပုဂ္ဂိုလ်တစ်ဦး အားလည်းကောင်း စတင်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိ မှတ်သားရပါသည်။

ထိုဘွဲ့နှင်းသဘင်တွင် ရန်ကုန် ကောလိပ်အနေဖြင့် ဘီ၊ အေ၊ ဝိဇ္ဇာဘွဲ့ကို (၁၈၈၅ ခုနှစ်မှ ၁၉၂၁ ခုနှစ် အထိ) ရရှိခဲ့သူများ စာရင်းအရ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဘီ၊ အက်စ်၊ သိပ္ပံဘွဲ့ကို (၁၉၁၅ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ) ရရှိခဲ့သူများ စာရင်းအရ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဘီ၊ အဲလ်၊ ဥပဒေဝိဇ္ဇာဘွဲ့ကို (၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ) ရရှိခဲ့သူများ စာရင်းအရ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုဘွဲ့နှင်းသဘင်တွင် **ဂျပ်ဆင်ကောလိပ်**အနေဖြင့် ဘီ၊ အေ၊ ဝိဇ္ဇာဘွဲ့ကို (၁၉၁၁ ခုနှစ်မှ ၁၉၂၂ ခုနှစ်အထိ) ရရှိခဲ့သူများ စာရင်းအရ ပေးအပ်ချီးမြှင့်ခဲ့သည်။

[**မှတ်ချက် ၁။ ရန်ကုန်တက္ကသိုလ်ကလင်ဒါ** (၁၉၂၂-၂၃) တွင် List of Graduates of the University အဖြစ် နှစ်အလိုက် လူအမည်ဖြင့် ဖော်ပြထားပါသည်။ နံပါတ်စဉ် တပ်မထားပါ၊ ထိုကလင်ဒါစာအုပ် စာမျက်နှာ ၁၂၉ မှ ၁၃၂ အထိရှု။

**မှတ်ချက် ၂ ။** ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံကို ဆောက်လုပ်ပြီးစီးသော ၁၉၃၁ ခုနှစ်၌ (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ယင်းဘွဲ့နှင်းသဘင်ခန်းမ၌ ပထမဦးဆုံးအကြိမ် စတင်ကျင်းပခဲ့သည်။ စစ်ကြိုခေတ် အကြိမ် (၂၀) မြောက် ဘွဲ့နှင်းသဘင်ကို ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ကျင်းပခဲ့သည်။ ဘွဲ့ရသူဦးရေမှာ ၁၉၂၁ ခုနှစ်တွင် ၅၃ ဦး၊ ၁၉၃၁ ခုနှစ်တွင် ၁၈၅ ဦး၊ ၁၉၄၀ ပြည့်နှစ်တွင် ၁၉၃ ဦးဖြစ်ကြောင်း ဖော်ပြပါ အစီရင်ခံစာ- စာမျက်နှာ ၁၇- နှင့် ၁၈ တို့တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိ မှတ်သားရပါသည်။]

### ဒုတိယကမ္ဘာစစ်ကြီးအတွင်းကာလနှင့် စစ်ကြီးပြီးစကာလ

ထိုကာလကို နှစ်ပိုင်းခွဲခြားတွေ့မြင်ရပါသည်။

ဂျပန်လက်အောက်ခံ မြန်မာအစိုးရက စိန့်ဂျွန်း မိန်းကလေးကျောင်း (ယခု အမှတ် ၂ လသာ အထက်တန်းကျောင်း) တွင် ဂျပန်ခေတ် ၁၉၄၃ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ပါသည်။ အပေါင်းပါ ကောလိပ်များ မရှိခဲ့ပါ။

စစ်ကြီးပြီးစကာလ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ရှိ ရမ်းဒေးရီးယား ဟိုက်စကူး၌ **အီးယူစီ** ခေါ် **"အရေးပေါ် တက္ကသိုလ်"** သင်တန်းများကို ဖွင့်လှစ်ခဲ့ပြန်ပါသည်။

စစ်ပြီးခေတ် ဗြိတိသျှအစိုးရသည် ၁၉၄၆ ခုနှစ် ဇွန်လ၌ **"ကြားဖြတ် ရန်ကုန်တက္ကသိုလ်"** ဟု ခေါ်ပြီး တက္ကသိုလ်နယ်မြေရှိ ဘီအိုစီ ကောလိပ်အဆောက်အအုံနှင့် ပြည်ကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်တို့အကြား ဆောက်လုပ်ထားသော စာသင်တဲများတွင် စတင်၍ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်ဖြစ်ခဲ့ပါသည်။ ယင်းနေရာမှ တစ်ဖန် ဂျပ်ဆင်ကောလိပ်အဆောက်အအုံသို့ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့သည်။

စစ်ကြီးပြီးခေတ် ဗြိတိသျှအစိုးရသည် ၁၉၄၇ ခုနှစ်၌ တက္ကသိုလ်ကောင်စီနှင့် ပါမောက္ခအဖွဲ့များကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ လွတ်လပ်ရေးရပြီးစ ကာလ ၁၉၄၈-၄၉ စာသင်နှစ်သို့ ရောက်ရှိသောအခါ ဂျပ်ဆင်ကောလိပ် စာသင်အဆောက်အအုံတွင် သာမက ယခင်တက္ကသိုလ်ကောလိပ် စာသင်အဆောက်အအုံများသို့ပါ ပြောင်းရွှေ့ပြီး **"ရန်ကုန်တက္ကသိုလ်"** ကို ဖွင့်လှစ်ခဲ့၏။

ဖော်ပြပါ ၁၉၄၃ မှ ၁၉၄၈ အထိ လေးနှစ်ကျော်၊ ငါးနှစ်ကျော်ခန့်ကာလသည် ရန်ကုန်တက္ကသိုလ်၏ ဘဝပြောင်းလဲမှုတွင် "စပ်ကူးမပ်ကူး" ကာလသဖွယ်ဖြစ်၍ အတည်တကျ မဖြစ်သေးသည့်ကာလဟုလည်း ဆိုနိုင်ပါသည်။ ဆိုရပါမည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံသည် စစ်တလင်းနှစ်ကြိမ် ဖြစ်ခဲ့ရသဖြင့် ပညာသင်ကြားရေး ပျက်ပြားခဲ့ရသည်။ ပညာတော်မွတ်ခဲ့ရသည်။ စစ်ကြီးအပြီး ကာလ၌ ပညာသင်ကြားရေးကို အထူးတောင့်တခဲ့ကြသည်။ သို့ရာတွင် စစ်ဘေးစစ်ဒဏ်သင့်ခဲ့ရသောကြောင့် ပညာရေးပြန်လည်ထူထောင်မှု ပြုရာ၌ အခက်အခဲအများဖြင့် ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်သည် စစ်ဘေးစစ်ဒဏ်ကို နှစ်ကြိမ်တိုင်တိုင် အလူးအလဲ ခါးစည်းခံခဲ့ရ၍ စစ်ကြီးအတွင်းကာလနှင့် စစ်ကြီးအပြီးကာလတို့၌ ကြိုးစားရပ်တည်နိုင်ရန် အထူးလုံ့လထုတ် ရုန်းကန်ခဲ့ရပါသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာသော အချိန်အခါမှစ၍၊ ရန်ကုန်တက္ကသိုလ်ပြန်လည်ထူထောင်ရေးကို အထူးဝါယမစိုက်ထုတ် ကြိုးစားဆောင်ရွက်မှုများ ပြုလာနိုင်ခဲ့ပါသည်။

[**မှတ်ချက်** - ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသည့် ၁၉၄၂ ခုနှစ်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်အထိ ၆ နှစ်ခန့်တာကာလကို ရန်ကုန်တက္ကသိုလ်၏ စပ်ကူးမပ်ကူးကာလတိုအဖြစ် သတ်မှတ်ရန် ဖြစ်ပါသည်။]

**(ဆက်လက်ဖော်ပြပါမည်)**

## ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာ သန်းဦး၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ (အီးဒီ) ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာဦးဘ ၏ ပထမရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄-၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ်ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆-၁၉၇၇ | လက်ထောက်သုတေသနအရာရှိမှ ဥက္ကဋ္ဌရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ ဦးစီးဌာန |
| ၁၉၇၇-၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံပညာရေးဌာနသမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉-၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန |
| ၂၀၁၅-ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅-မေ | အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅-ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူဦးအုန်းဖေတစ်သက်တာစာပေဆုရ |



# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၉**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်နောက်ပိုင်းတွင် SIM Card မှတ်ပုံတင် ဆောင်ရွက်ရာ၌ သက်သေခံကတ်ပြားတစ်ခုဖြင့် SIM Card နှစ်ကတ်သာ မှတ်ပုံတင်ရန် ညွှန်ကြားခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် ရှေ့ပိုင်း သက်သေခံကတ်ပြား အမှတ်တစ်ခုလျှင် နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များကို အချက်အလက်မှန်ကန်စွာဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ကြရန်နှင့် အချက်အလက်မှန်ကန်စွာ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ခြင်းမရှိပါက အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကြေညာခဲ့ပါကြောင်း၊ ထို့အပြင် တယ်လီဖုန်း အော်ပရေတာများသို့လည်း အချက်အလက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ပြီးမှသာ မှတ်ပုံတင်ကြရန် ညွှန်ကြားခဲ့ပါကြောင်း။

အဆိုပါ ကြေညာချက်၊ ညွှန်ကြားချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်အထိ ပြန်လည်မှတ်ပုံတင်ခြင်း မရှိသော SIM Card များနှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း အချက်အလက်များ မှန်ကန်စွာမှတ်ပုံတင်ခြင်းမရှိသည့် SIM Card များ စုစုပေါင်း ၃၄ ဒသမ ၄၉ သန်းကျော်ကို ပိတ်သိမ်းခဲ့ပြီး အဆိုပါပိတ်သိမ်း SIM Card များတွင် လက်ကျန်ငွေ စုစုပေါင်းကျပ် ၁၇၂၂ သန်းကျော် ကျန်ရှိခဲ့ပါကြောင်း၊ မှတ်ပုံတင်ခြင်း မရှိသော SIM Card ၃၄ ဒသမ ၄၉ သန်းကျော်အား ပိတ်သိမ်းခဲ့ခြင်းကြောင့် တယ်လီဖုန်းသုံးစွဲသူ လူမျိုးဘာသာပေါင်းစုံတို့က ဖြည့်သွင်းထားခဲ့သည့် Top Up ငွေများ၏ လက်ကျန်ငွေ ကျပ်သန်းပေါင်း ၁၇၂၂ သန်းကျော်ကို သုံးစွဲသူ အများပြည်သူများကိုယ်စား နိုင်ငံအကျိုးအတွက် ယခုကဲ့သို့ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းခြင်းဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး လက်ခံရယူစဉ်။ သတင်းစဉ်

နေပြည်တော် (ခုတင်–၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်ပိုက်လိုင်း တပ်ဆင်မှုလုပ်ငန်းများအတွက်လည်း ဝန်ကြီးဌာနမှ ငွေကျပ်သန်း ၄၀၀ ကျော် လှူဒါန်းခဲ့ပါကြောင်း၊ ယခင် ဇန်နဝါရီ ၃၁ ရက်တွင်လည်း မှတ်ပုံတင်ခြင်းမရှိသော SIM Card ၆ ဒသမ ၅၅ သန်းကျော် ပိတ်သိမ်းခဲ့ရာ၌ ကျန်ရှိသော လက်ကျန်ငွေ ၁၅၇၃ သန်းကျော်ကို သုံးစွဲသူ အများပြည်သူကိုယ်စား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေသို့ လှူဒါန်းခဲ့ပါကြောင်း၊ မေ ၂၉ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ကပြုလုပ်သည့် SMS ဖြင့် လှူဒါန်းခြင်း အစီအစဉ်တွင် ပြည်သူ ၄၁၃၈၃ ဦးမှ ထည့်ဝင်လှူဒါန်းသည့် ငွေကျပ် ၂၀၆၉၁၅၀၀ နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထပ်ဆောင်းလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀၊ စုစုပေါင်း ငွေကျပ် ၁၂၀၆ သိန်းကျော်အား အများပြည်သူကိုယ်စား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ ထည့်ဝင်လှူဒါန်းခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ အား မိမိတို့နိုင်ငံ၌ ရင်ဆိုင်တုံ့ပြန်ကြရာတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများက တတ်စွမ်းသရွေ့ ပါဝင်လှူဒါန်းလျက်ရှိကြရာ မိမိတို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးဝန်ထမ်းများအနေဖြင့်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ စက်တင်ဘာလအတွင်းကလည်း နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် အသွားအလာကန့်သတ်ခံထားရသူများအတွက် လှူဒါန်းမှုများလည်း ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကားပြောကြားရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ကဏ္ဍအသီးသီးမှ ဝန်ထမ်းများသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အားသွန်ခွန်စိုက် အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများအတွက် ပြည်သူများအတွက် ရှေ့တန်းမှနေ၍ ကိုဗစ်–၁၉ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းအားလုံး၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

**စည်းကမ်းများအလေးထားလိုက်နာ**

မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ထိရောက်သောကာကွယ်ဆေးထွက်ပေါ်လာသည့် အချိန်မတိုင်မီကာလအထိ ကူးစက်မှုလှိုင်းငယ်များရှိနိုင်သဖြင့် ရောဂါကာကွယ်ရေး စည်းကမ်းများကို အထူးအလေးထားလိုက်နာကြရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ သေဆုံးလူနာများ၏ ၉၅ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးနှင့်သွေးကြောရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါ စသည့် နာတာရှည်အခံရောဂါရှိသူများ ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ချိန်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရသည့် တစ်အိမ်တည်းနေသူများထံမှတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါကြောင်း။

သို့ဖြစ်၍ နာတာရှည်ရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် တစ်အိမ်တည်းနေထိုင်သူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားစားသောက်ခြင်းနှင့် အိပ်စက်ခြင်းတို့ကို အထူးသတိပြု လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုကဲ့သို့သော လှူဒါန်းမှုများသည် ဝန်ကြီးဌာန၏ နိုင်ငံတစ်ဝန်းမှ ဆေးရုံများ၌ အထူးကြပ်မတ်ကုသဆောင်များ အဆင့်မြှင့်တင်ရာတွင် လည်းကောင်း၊ အောက်ဆီဂျင်ပိုက်လိုင်းများ၊ အောက်ဆီဂျင်ထုတ်စက်များ တပ်ဆင်ရာတွင် လည်းကောင်း၊ အခြားသော ဆေးရုံပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများအတွက် လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်သဖြင့် ယခု ကိုဗစ်–၁၉ လူနာများအား ကုသရာတွင်သာမက ရေရှည်ကာလအတွက်လည်း များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယနေ့လှူဒါန်းမှု အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ငွေကျပ် ၁,၇၂၂,၇၅၅,၅၁၂၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အရာထမ်းအမှုထမ်းများက ငွေကျပ် ၁၁,၆၈၀,၀၀၀၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်က ငွေကျပ် ၃၀,၀၀၀,၀၀၀၊ နိုင်ငံ့ဝန်ထမ်းစေတနာရှင်များ၏ 1000 kyats Campaign က ငွေကျပ် ၇,၆၄၈,၅၀၀၊ ရန်ကုန်ပညာရေးတက္ကသိုလ် သင်ကြား/စီမံဌာနများနှင့်အဆောင်များက ငွေကျပ် ၂,၂၂၂,၀၀၀ နှင့် သံအမတ်ကြီးဒေါက်တာလှမောင် ဖောင်ဒေးရှင်းက ငွေကျပ် ၁,၀၀၀,၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် အမျိုးသား ၂၂၁၀ ၊ အမျိုးသမီး ၅၂၉၂ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၇၅၀၂ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း လက်ခံရရှိမှု ၁၆၅ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှုတစ်မှု၊ ကျေအေးမှု ၁၃ မှု၊ ခုံသမာဓိ အဖွဲ့သို့လွှဲပြောင်းမှု ၃၉ မှု၊ ပိတ်သိမ်းမှု ၂၅ မှု၊ ငွေကြေး အကျိုးခံစားခွင့် ၆၉ မှုနှင့် လက်ကျန်အမှု ၁၈ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၁၅၄ ဦးအား ငွေကျပ် ၅၄, ၀၇၃,၂၇၄ ၊ အမေရိကန် ဒေါ်လာ ၇၇၀ ဒသမ ၃ နှင့် ဘတ် ၁၅၀၀၀ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေ မရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၂၇ မှုနှင့် ခုံသမာဓိကောင်စီတွင် ၂၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေး အကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်းပေါင်း ၃၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၃၇ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၁၅၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်–

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၅၀၅၈ ဦး ၊ အတွင်းလူနာ ၄၂၀ ဦး) | ၅၄၇၈ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း(၁)ခန်း၊<br>ဌာနကြီးဆေးခန်း(၅၈)ခန်းနှင့် သားဖွား မီးယပ် (OPD) ဝန်ဆောင်မှု<br>စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် (၅) ခန်းအပါအဝင် PPS စနစ်ဖြင့်<br>ဆောင်ရွက်သည့်ဆေးခန်း (၁၄) ခန်းတို့မှ ဆေးကုသပေးမှု | ၇၅၂၄၅ ဦး |
| ဂ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၁)ကြိမ် | ၂၀ ဦး |

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၇ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီ နယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရေကျော် ကျေးရွာနေ သန်းလွင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ ခြင်း။ | ၁၂-၁၀-၂၀၂၀ ရက်နေ့တွင် လယ်ဝေးမြို့နယ်၊ ရေကျော် ကျေးရွာနေ သန်းလွင်(၆၅)နှစ်၊ (ဘ)ဦးမှို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာဝတ္ထိ)မယ(ပ)၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာနေ ကိုကျော်လှိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်၊ တာလောကြီး-ရွှေညောင်ပင်ကျေးရွာသွား လမ်းမပေါ်၌ ၎င်းမြို့နယ်၊ တာလောကြီး ကျေးရွာနေ ချိုချိုဝင်း(၃၅)နှစ်၊ (ဘ) ဦးဝင်းလှအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တာလောကြီး)မယ(ပ)၃၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ ကျော်လှိုင်ဝင်း(ခ) လမောင်(၃၉)နှစ်၊ (ဘ)ဦးအောင်ဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တာလောကြီး)မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကျောက်ခတ်ကျေးရွာအနီး သဲဖြူချောင်းမှ လေးကေ့ကော်ဘက်အသွား တောလမ်းတစ်နေရာ၌ ဆေးခြောက်ပင်များ စိုက်ပျိုးလျက်ရှိပြီး မူးယစ်ဆေးဝါးများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့နေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၁၀-၂၀၂၀ ရက်နေ့တွင် မြဝတီမြို့နယ်၊ ကျောက်ခတ်ကျေးရွာအနီး၊ သဲဖြူချောင်းမှ လေးကေ့ကော်ဘက်အသွား တောလမ်းတွင် သတင်းအရ စိစစ်ရာ ဆေးခြောက်ပင်(၃) ကေ(ပျိုးပင်ပေါက်အပါ) အားတွေ့ရှိရာ ဖျက်ဆီးခဲ့ပြီး ပိုင်ရှင်ဖြစ်သူ ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် ဝင်ရောက်လာသူ ကနေဒါနိုင်ငံသား(ဗီယက်နမ်လူမျိုး) တရားခံ အမျိုးသား(၁)ဦးအား မမစ(မြဝတီ)မယ(ပ)၁၄၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ သိန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ခါတွန်ကျေးရွာအနီး ဖောင်းပြင်-မော်လိုက်သွားကားလမ်းမပေါ်၌ ၎င်းမြို့နယ်၊ သရက်ကုန်းကျေးရွာနေ သိန်းအောင်(၄၀)နှစ်၊ (ဘ)ဦးတင်ဖေ စီးနင်းလာသည့် ဆိုင်ကယ်နှင့် ဝါးရုံသာကျေးရွာနေ ရမ်ဘို(ခ)ဆန်နီ(၃၁)နှစ်၊ (ဘ)ဦးဖေဆန်း နှင့် ကျော်မင်း(၃၄)နှစ်၊ (ဘ)ဦးမောင်မြင့်တို့ စီးနင်းလာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့် အတူဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၇၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ယမုံနာကျေးရွာနေ ပျားပုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၀-၂၀၂၀ ရက်နေ့တွင် ကော့သောင်းမြို့နယ်၊ ယမုံနာကျေးရွာနေ ဝင်းငွေး(ခ)ပျားပုံး(၄၇)နှစ်၊ (ဘ) ဦးစိုးမြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာရွက်အစိုများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ (ပ) ၁၉၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျတံတားကြီးအောက်တွင် မူးယစ်ဆေးဝါးရောင်းချသူများ များပြားနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၀-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျတံတားအောက်ခြေပတ် လမ်းမပေါ်၌ တွံတေးမြို့နယ်၊ တလုတ်ထော်ကျေးရွာနေ သန့်ဇင်ထွန်း(၃၆)နှစ်၊ (ဘ)ဦးမြသန်းနှင့် နိုင်ထက်အောင် (၂၆)နှစ်၊ (ဘ)ဦးစိုးလှိုင်တို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ (ပ)၁၆၀/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၇-၁၀-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၇၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၅၀)ဦး၊ မ(၃၅၁)ဦး၊ ပေါင်း(၂၁၀၁)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၀၄၆၃.၅၃၉၄)ဂရမ်၊ ICE(၁၄၈၉.၄၂) ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၀၁.၇၄)ဂရမ်၊ ဘိန်းစာရွက် (၅၄၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၈၁၄၆၈) ပြား၊ ဆေးခြောက်(၁၄၈၅၉.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၂၈)လက်၊ ကျည်မျိုးစုံ (၆၆၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါတယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

❖ *ကျောဖုံးမှ*

ပုံစံ (၃)ဖြင့် တောင်းဆိုသူ ၇၂၄၉ ဦး၊ ပုံစံ (၄)ဖြင့် ပယ်ဖျက်သူ ၂၃၇၉ ဦးနှင့် ပုံစံ (၄-ဂ) ဖြင့် အမှားပြင်ဆင်သူ ၃၁၄၈ ဦးရှိပြီး စုစုပေါင်း လာရောက်ကြည့်ရှုသူ ၁၂၇၇၅ ဦး ရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**အောင်မြင်စွာကျင်းပသွားမည်**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြစ်ကြီးနားခရိုင်အတွင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၈၆ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၀ နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၂ ဦးရှိပြီး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ မြစ်ကြီးနားခရိုင်အတွင်း မဲရုံပေါင်း ၂၉၃ ရုံဖြင့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲအရာရှိ ဦးကျော်ဦးအောင်ထံမှ သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားတွင် နှစ်နိုင်ငံကုန်သွယ်မှု ခုနစ်ရက် ယာယီရပ်ဆိုင်း

**မြဝတီ အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်မှု ဒုတိယအများဆုံးဆောင်ရွက်နေသည့် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် နှစ်နိုင်ငံကုန်သွယ်မှုကို ယမန်နေ့ မွန်းလွဲ ၃ နာရီကစပြီး ခုနစ်ရက် ယာယီရပ်ဆိုင်းလိုက်ကြောင်း မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။



**ဆက်လက်လက်ခံသွားမည်**

ထိုသို့ အမှတ်(၂)ချစ်ကြည်ရေး တံတားကြီးတွင် နှစ်နိုင်ငံ ကုန်သွယ်မှုကို ကန့်သတ်ရပ်ဆိုင်းလိုက်သော်လည်း ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာမည့် ပြည်ပပြန်များကို ဆက်လက် လက်ခံသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံက ကုန်သွယ်မှု ခုနစ်ရက် ကန့်သတ်သော်လည်း မြန်မာဘက်မှ ပြန်ဖွင့်သည့်အခါ ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

နှစ်နိုင်ငံကုန်သွယ်မှုကန့်သတ်ခြင်းကို ထိုင်းနိုင်ငံ တာ့ခ်ခရိုင်မှ အမိန့်ထုတ်ပြန်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခြင်းနှင့်အတူ ထိုင်းနိုင်ငံဘက်သို့ ဝင်ရောက်ပြီး ကားဖြင့် ကုန်ပစ္စည်းလာရောက်တင်ဆောင်နေသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် စစ်ဆေးမှုအရ ယာဉ်မောင်း နှစ်ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ကာ မဒီနာရပ်ကွက်တွင် နေထိုင်သူရောဂါကူးစက်ခံရသူ ငါးဦးတွေ့ရှိခဲ့သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုကို ကန့်သတ်ရခြင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင် ထည့်သွင်းဖော်ပြထားသည်။

**ယာယီရပ်ဆိုင်းထား**

အဆိုပါ အမိန့်ကြော်ငြာစာအရ ၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီမှ အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီခွဲအထိ နှစ်နိုင်ငံကုန်သွယ်မှု ယာယီရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုမှ ကိုဗစ်-၁၉ ကာလအတွင်း စားသောက်ကုန်များ ထောက်ပံ့

**ညောင်ရွှေ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုမှ မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု၊ အမှုဆောင်နှင့် အသင်းဝန်ထမ်းများ၊ အခြေခံသမဝါယမအသင်း အမှုဆောင်များသို့ ကိုဗစ်-၁၉ ကာလအတွင်း တစ်ဦးလျှင် မြရတနာ ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်၊ နေကြာဆီ ၃ ပိဿာ တစ်ဘူး ထောက်ပံ့ခြင်းဖြစ်ပြီး မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုဝန်ထမ်း ၄၆ ဦးအတွက် တန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၊ အခြေခံသမဝါယမအသင်း ၈၉ သင်းမှ အသင်းအမှုဆောင်များအတွက် တန်ဖိုးငွေကျပ် ၁၄၃၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၇၀၆၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေး





**နေပြည်တော် အောက်တိုဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူ Mr. Saphy Gilles နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် Virtual Meeting စနစ်ဖြင့် လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများက လာမည့်ရွေးကောက်ပွဲအတွက် နိုင်ငံပိုင်မီဒီယာများ၏ လုပ်ဆောင်ချက်များ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၏ အခြေအနေ၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကာလအတွင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့မှု၊ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု၊ ရွေးကောက်ပွဲရလဒ်များကို နိုင်ငံပိုင်မီဒီယာများက ဖော်ပြနိုင်မည့်အခြေအနေ၊ သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများ၏ အမြင်များနှင့် အကြံပြုချက်များကို ပြန်လည်မေးမြန်းရာ ၎င်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူ (Senior Electroal Expert) Mr.Saphy Gilles နှင့်အတူ သံရုံးယာယီအကြီးအကဲ Dr. Johann Hesse ၊ Head of Political, Press and Information Section & Minister Counsellor, Mr. Frederic Maduraud၊ Senior Elections, Governance and Peace-building Consultant, Mr. Lidauer Michael၊ Electoral and Legal Expert, Ms. Ramos- Alves Cristina နှင့် Media Professional Ms. Lase Inta တို့လည်း တက်ရောက်ပြီး ဆွေးနွေးမေးမြန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များကို Video Conferencing ဖြင့် လက်ခံတွေ့ဆုံ





**နေပြည်တော် အောက်တိုဘာ ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များကို နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာခန်းမမှ Video Conferencing ဖြင့် လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဝန်ကြီးဌာနအနေဖြင့် လူဇင်ဘတ်ဖွံ့ဖြိုးရေးအဖွဲ့ (LuxDev) နှင့် ပူးပေါင်းရေးဆွဲခဲ့သည့် Myanmar Tourism Strategic Recovery Road-map (MTSRR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် MTM အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MTSRR နှင့်အတူ Myanmar Tourism Marketing Strategy 2020-2025 ကိုလည်း ရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မဟာဗျူဟာများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် MTM အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Destination Management Organizations (DMOs) များ ဖွဲ့စည်းပြီးဖြစ်ရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းအနေဖြင့် အဆိုပါအဖွဲ့များတွင် ပူးပေါင်းပါဝင်ဆောင်ရွက် စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး အသင်းဥက္ကဋ္ဌ ဦးမျိုးသွင်နှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းလျာထားချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်လတ်က Digital Marketing နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ခရီးစဉ်ဒေသများ Virtual promotion ဆောင်ရွက်ရေးနှင့် Myanmar Virtual Travel Mart ကဲ့သို့ Online အစီအစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း (Agricultural Tourism) ဖွံ့ဖြိုးရေးနှင့် မြှင့်တင်ကြော်ငြာရေးတို့ကို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းစစ်တမ်း (Tourism Survey) ကောက်ယူရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးပေးမည့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးစခန်း (တိုက်ကြီး) ကို ရောဝတီဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့် ရောဝတီဖောင်ဒေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးမည့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးစခန်း (တိုက်ကြီး) ကို ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးစခန်း (တိုက်ကြီး)ကို ရန်ကုန် - ပြည်လမ်းမကြီး မိုင်တိုင်(၄၃/၆) တွင် တည်ဆောက်လျက်ရှိပြီး (ယာပုံ) ကုန်ကျစရိတ်များကို Max Highway Co., Ltd. က ကျခံသွားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးစခန်း (တိုက်ကြီး) တည်ဆောက်ရေးလုပ်ငန်းများမှာ အောက်တိုဘာ ၂၀ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းသည် မတ်လကတည်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင်လည်း ရောဂါပိုးကူးစက်ခံထားရသူများအား ကုသပေးရန် ရောဝတီစင်တာကိုတည်ဆောက်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး ကပ်ရောဂါ ကာကွယ်ကုသရေးအတွက် လိုအပ်သည့်နေရာများတွင် ဆက်လက်ပါဝင်ကူညီလှူဒါန်းသွားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**


# အာဆီယံကလပ်ပြိုင်ပွဲ ပြန်လည်ကျင်းပခြင်း ရှိ၊ မရှိ ထုတ်ပြန်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့်နှစ်တွင် ပြန်လည်ကျင်းပခြင်း ရှိ မရှိ ထုတ်ပြန်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်းခဲ့ရပြီး လာမည့်နှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ် နှစ်ကြိမ်သာကျင်းပဖူးပြီး ဆယ်စုနှစ်တစ်ခုကျော်အကြာတွင် ပြန်လည်ကျင်းပရန် ကြိုးပမ်းနေသော်လည်း ကပ်ရောဂါကြောင့် မကျင်းပနိုင်သေးခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဒေသတွင်းမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲတစ်ခု ပြန်လည်စီစဉ်ခြင်းဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ကလပ်အသင်းများအား ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ သို့သော် အဆင့်သတ်မှတ်ချက်နိမ့်သည့် နိုင်ငံများမှ ကလပ်အသင်းများမှာ ခြေစစ်ပွဲကစားရမည်ဖြစ်ပြီး ကျန်အသင်းများမှာမူ နောက်ဆုံးအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဒေသတွင်းလိဂ်ပြိုင်ပွဲမှ ချန်ပီယံအသင်းနှင့် ဒုတိယဆုရအသင်းများကို ယှဉ်ပြိုင်ခွင့်ပြု မည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်သည့် အဆင့်သတ်မှတ်ချက်မြင့်မားသည့်နိုင်ငံများကို နှစ်သင်းစီ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ကျန်နိုင်ငံများကို တစ်သင်းစီသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ၂၀၂၀ ပြိုင်ပွဲအတွက် သတ်မှတ်ချက်တွင် မြန်မာနိုင်ငံအနေဖြင့် အုပ်စုအဆင့်မှ တစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့်နှစ်တွင် ပြိုင်ပွဲကျင်းပဖြစ်ပါက ကျင်းပမည့်ပုံစံ၊ အသင်းအရေအတွက်တို့ကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရပါက အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



## ကုလသမဂ္ဂ (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် UN75 Logo ပါရှိသည့် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်း ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နယူးယောက်မြို့၊ ကုလသမဂ္ဂ အဖွဲ့အစည်းကြီးမှူးကြီးမှူး၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပါဝင်လျက် အနာဂတ်ကို စုပေါင်းရုပ်လုံးဖော်ရန် ရည်ရွယ်၍ “building the future we want” ခေါင်းစဉ်ဖြင့် ကမ္ဘာလုံးဆိုင်ရာ စကားဝိုင်းများ/ဆွေးနွေးမှုများ ပြုလုပ်ခြင်း စသည့်အထိမ်းအမှတ်လှုပ်ရှားမှု အစီအစဉ်များအား ၂၀၂၀ ပြည့်နှစ်အတွင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က စတင်မိတ်ဆက်ခဲ့သည်။

သို့ပါ၍ ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် (၇၅)နှစ်ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ UN75 Logo ပါရှိသည့် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းအား ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်ဝေ/ ရောင်းချသွားနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းတို့မှ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၉** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၉၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် ဟားခါးမြို့နှင့် ပလက်ဝမြို့တို့တွင် ၀ ဒသမ ၈၂ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကမ္ဘောဇဘဏ်က မအူပင်မြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**မအူပင် အောက်တိုဘာ ၁၉**

ကမ္ဘောဇဘဏ်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ သို့ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်မှ အရာထမ်းဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ဆေးရုံသုံး နှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၁၀၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၃၀၀၊ PPE ဝတ်စုံ ၅၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၇၆၈၆ သိန်း လှူဒါန်းထားပြီး ဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသ မရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကိုကျော်**



## “အကြမ်းဖက်မှုကင်းစင်သော အနာဂတ်နေ့ရက်များဆီသို့” ပထမဆုံးအကြိမ်ရုပ်သံဇာတ်လမ်းတိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၉

**မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ကျင်းပလျက်ရှိသော “ကျား၊မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု” အစီအစဉ်အား ယခု ၂၀၂၀ ပြည့်နှစ်တွင် ရုပ်သံပြိုင်ပွဲအစီအစဉ် ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။**

### နှစ်စဉ်ကျင်းပလျက်ရှိ

ယင်းလှုပ်ရှားမှု အစီအစဉ်ကို လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကျော်ကတည်းက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ပိုမိုဖြစ်ထွန်းလာစေရန်နှင့် အများပြည်သူဆိုင်ရာနေရာများ၊ သီးခြားနေရာများ အပါအဝင် မည်သည့်နေရာတွင်မဆို အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများ ပပျောက်စေရေး ရည်ရွယ်ချက်ဖြင့် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

“ကျွန်တော်တို့ ကဲရ်မြန်မာအဖွဲ့အနေနဲ့ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ၁၆ ရက်တိုင်တိုင် ကျင်းပသော ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်မှာ နှစ်စဉ်လှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့ပြီး ဒီနှစ်မှာလည်း “အကြမ်းဖက်မှုကင်းစင်သော အနာဂတ်နေ့ရက်များဆီသို့” ခေါင်းစဉ်ဖြင့် ရုပ်ရှင်ဇာတ်လမ်းတို ပြိုင်ပွဲကျင်းပခြင်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ အမျိုးသမီး ခုနစ်ဦးလျှင် တစ်ဦးခန့်မှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့နေရပြီး အိမ်ထောင်ရှင်အမျိုးသမီး ငါးဦးလျှင် တစ်ဦးမှာ အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို ခံစားနေမှုဖြစ်ရပ်တွေ ရှိနေသေးတဲ့အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနဲ့ ပတ်သက်ပြီး လူထုကြားအသိပညာ ပိုမိုတိုးပွားလာစေဖို့နဲ့ အားလုံး ပူးပေါင်းဆောင်ရွက်လာနိုင်စေဖို့ ကျင်းပခြင်းဖြစ်ပါတယ်” ဟု CARE International in Myanmar အဖွဲ့အစည်းမှ Senior Program Manager ဒေါက်တာကိုကိုဇော်က ပြောကြားသည်။

ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်သူများအနေဖြင့် (၅) မိနစ်ထက်မပိုသော ရုပ်သံဇာတ်လမ်းတို တစ်ခုဖန်တီးရမှာဖြစ်ပြီး ရုပ်သံအရည်အသွေးကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်အတိုင်း ဖန်တီးသွားရန် လိုအပ်ပါသည်။ ရုပ်သံအရည်အသွေးအား 1920x1080 (recom–mended frame size – 16:9 Aspect Ratio) ရှိသည့် MP4, MOV (H264 or H265) ဇာတ်လမ်းတိုများကို ကိုယ်တိုင်ဖန်တီးထားသူ (သို့မဟုတ်) ပါဝင်ဖန်တီးထားသူမှ ပြိုင်ပွဲဝင်လျှောက်လွှာကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက် (မြန်မာစံတော်ချိန် ည ၁၀ နာရီ) နောက်ဆုံးထား၍ infor.yatpage@careint.org သို့ Online Transfer – WeTransfer, Google Drive, One Drive အစရှိသည့် နည်းလမ်းများဖြင့် အလွယ်တကူပေးပို့နိုင်သည်။

### ကိုယ်တိုင်ရွေးချယ်

လူကြိုက်အများဆုံးဆုကို ကဲရ်မြန်မာအဖွဲ့၏ စိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ပေးအပ်သွားမည်ဖြစ်ရာ ဇာတ်လမ်းတိုများအား CARE Myanmar Official Facebook မှတစ်ဆင့် အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ တစ်ပြိုင်တည်းပြသ၍ ပရိသတ်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သော ဇာတ်လမ်းတိုများကို Facebook Like/React/ Share ပေးအပ်ခြင်းဖြင့် ကိုယ်တိုင်ရွေးချယ်နိုင်မည် ဖြစ်သည်။

ဂုဏ်ပြုဆုငွေများအနေဖြင့် အကောင်းဆုံးဇာတ်လမ်းတိုဆု ငွေကျပ်သိန်း ၂၀၊ ခေါင်းစဉ်အလိုက် အကောင်းဆုံးဆုနှစ်ဆုအတွက် ငွေကျပ် ၁၅ သိန်းစီနှင့် လူကြိုက်အများဆုံးဆု ငွေကျပ် ၁၀ သိန်းတို့ဖြစ်ပြီး ဇာတ်လမ်းတိုကို နိုဝင်ဘာ ၅ ရက် ည ၁၀ နာရီထက် နောက်မကျဘဲ ပေးပို့ရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဆုရရှိသည့် ဇာတ်လမ်းတိုများကို CARE Myanmar Facebook Page မှတစ်ဆင့် ကြေညာသွားမည်ဖြစ်သည်။ ဆုပေးပွဲ အခမ်းအနားအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၁၆ ရက်တာ လှုပ်ရှားမှုသည် နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ၁၆ ရက်တိုင်တိုင် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် နှစ်စဉ်ကျင်းပနေသော အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှု ကမ်ပိန်းတစ်ခု ဖြစ်သည်။

### အဟန့်အတားများစွာ ကြုံတွေ့လျက်ရှိ

တစ်ကမ္ဘာလုံး အတိုင်းအတာအရ အမျိုးသမီး သုံးဦးလျှင် တစ်ဦးသည် သူ၏ဘဝတွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့နေရသည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် အများပြည်သူပိုင်နေရာတွင် လည်းကောင်း၊ ပုဂ္ဂလိကနေရာများတွင် လည်းကောင်း ဖြစ်ပွားလျက်ရှိပြီး အကြမ်းဖက်မှု ကြုံတွေ့နေရသူများသည် အကူအညီများ ရယူနိုင်ရန် အဟန့်အတားများစွာ ကြုံတွေ့လျက်ရှိသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ပထဝီနေရာ အနေအထား၊ လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှုနယ်နိမိတ်များ မသက်ဆိုင်ဘဲ လူအခွင့်အရေးကို ပြင်းထန်စွာချိုးဖောက်ခြင်း ဖြစ်သည်။

နောက်ဆက်တွဲအနေဖြင့် ကျူးလွန်ခံရသူ အမျိုးသမီးသာမက ကလေးငယ်များ၊ မိသားစုဝင်များ၊ ရပ်ရွာနှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအား ကျန်းမာရေးနှင့် စီးပွားရေးအကျိုးဆက်များစွာအပါအဝင် ကြီးမားသောဆိုးကျိုးများကို သက်ရောက်စေလျက်ရှိသည်။

### အကြမ်းဖက်မှုကို ခံစားနေကြရ

၂၀၁၅–၂၀၁၆ တွင် ပြုလုပ်သော မြန်မာနိုင်ငံလူမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း (Myanmar Demogra–phic Health Survey)အရ မြန်မာနိုင်ငံတွင် အိမ်တွင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားနှုန်းမှာ ၁၅ ရာခိုင်နှုန်းခန့် ရှိနေပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း မကြာခဏဖြစ်ပွားနေပါသည်။ ထိုစစ်တမ်းအရ အမျိုးသမီး ခုနစ်ဦးလျှင် တစ်ဦးခန့်မှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့နေရပြီး အိမ်ထောင်ရှင်အမျိုးသမီး ငါးဦးလျှင် တစ်ဦးမှာ အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို ခံစားနေကြရသည်။ ထိုသို့အကြမ်းဖက်မှုများ ကြုံတွေ့နေရသော်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ရသူများထဲမှ ၂၂ ရာခိုင်နှုန်းကသာ အကူအညီရယူခဲ့ပြီး ၃၇ ရာခိုင်နှုန်းမှာ ဖွင့်ဟ အကူအညီတောင်းခြင်း မပြုခဲ့ပါ၊ ကျန် ၄၁ ရာခိုင်နှုန်းမှာ ဖွင့်ဟပြောဆိုခဲ့သော်လည်း အကူအညီမရခဲ့ပါ။ ထိုအချက်အလက်များအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသေးပြီး အမျိုးသမီးများ၏ နေ့စဉ်လူနေမှုဘဝနှင့် လုပ်ငန်းခွင်တွင်သော်လည်းကောင်း၊ အရင်းအမြစ်များ၊ အခွင့်အလမ်းများကို လက်လှမ်းမီမှု၊ ပူးပေါင်းပါဝင်မှု၊ ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင်သော်လည်းကောင်း ကြီးမားသော အဟန့်အတားတစ်ခုဖြစ်နေကြောင်း မြင်တွေ့နိုင်သည်ဟု CARE Myanmar မှ သိရသည်။

**ခင်ရတနာ**

# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၉၀ အထိ သေဆုံးပြီး ၃၄ ဦးပျောက်ဆုံးနေ

ဟနွိုင်း အောက်တိုဘာ ၁၉

**ဗီယက်နမ်နိုင်ငံတွင် ရေကြီးမှု၊ မြေပြိုမှုနှင့် အခြားသော သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံအလယ်ပိုင်းဒေသတွင် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ကျော်အကြာက လူ ၉၀ အထိ သေဆုံးပြီး ၃၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့်ထိန်းချုပ်ရေး ဗဟိုကွပ်ကဲမှုကော်မတီက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။**

ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် သေဆုံးသူအများစုမှာ ကွမ်ထရီပြည်နယ်၊ သွာသိန်ဟွီပြည်နယ်နှင့် ကွမ်နမ်ပြည်နယ်တို့မှဖြစ်ကြောင်း ကော်မတီ၏ နောက်ဆုံးဖော်ပြခဲ့သည့် အချက်အလက်များအရ သိရသည်။

အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ဟာတင်၊ ကွမ်ဘင်၊ ကွမ်ထရီနှင့် သွာသိန်ဟွီပြည်နယ်ရှိ ဒေသများမှ အိမ်ထောင်စုပေါင်း ၃၇၅၀၀ ခန့်ကို ဘေးလွတ်ရာနေရာများသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် နေအိမ်အလုံးပေါင်း ၁၂၁၇၀၀ ခန့်အထိ ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း သဘာဝဘေးကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေး ဗဟိုကွပ်ကဲမှုကော်မတီက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၆ ရက်မှစတင်ကာ ရေကြီးမှုကြောင့် ကျွဲ၊ နွားများနှင့် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၅၃၁၈၀၀ အထိ သေဆုံးခဲ့ပြီး အချို့ရေထဲမျောပါသွားခဲ့သည်။

ရေကြီးမှု၊ မြေပြိုမှုနှင့် အခြားသော သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုများကြောင့် နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းကြီးများနှင့် ဒေသလမ်းများထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




ဗီယက်နမ်နိုင်ငံရှိ လူနေရပ်ကွက်တစ်ခုတွင် ရေကြီးနေသည့်မြင်ကွင်းကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဆန္ဒပြသူများကြောင့် မြို့တော်ရထားရထားတစ်ဝိုက် အရေးပေါ်အခြေအနေ ကြေညာခဲ့ရ

**ဘန်ကောက် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်တွင် အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြလူငယ်များက မြို့ထဲရှိမီးရထားဘူတာရုံများအပါအဝင် နေရာအများအပြားတွင် စုဝေးခဲ့ကြသည့်အတွက် ရထားလိုင်းများ ပိတ်ခဲ့ရကြောင်း သိရသည်။

ဆန္ဒပြသူများသည် ပြီးခဲ့သည့် ရက်သတ္တပတ်မှစတင်ကာ လူစုလူဝေးဖြင့် ဆန္ဒပြမှုများ စတင်လုပ်ဆောင်ခဲ့ပြီး ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ ရာထူးမှ နုတ်ထွက်ပေးရေးနှင့် ဘုရင်အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေး တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသူများသည် အောက်တိုဘာ ၁၆ ရက်က ဘန်ကောက်မြို့ရှိ အချက်အချာကျသည့် လမ်းဆုံပေါ်တွင် နေရာယူကာ ချီတက်စုဝေးမှုပြုလုပ်ခဲ့ရာ ရဲများနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားကာ လူစုခွဲခြင်းခံရသည်။



ဘန်ကောက်မြို့လယ်ကောင်ရှိ ဘူတာတစ်ခုရှေ့တွင် စုဝေးဆန္ဒပြနေသူများကို တွေ့ရစဉ်။

သို့ဖြစ်ရာ အောက်တိုဘာ ၁၇ ရက်တွင် ဆန္ဒပြသူများက ရဲများချဉ်းကပ်ရခက်ခဲစေရန်အတွက် တစ်နေရာတည်းတွင် စုဝေးနေခြင်းကို ရှောင်ကြဉ်ခဲ့ကြပြီး လူမှုကွန်ရက်မှတစ်ဆင့် အချင်းချင်း ဆက်သွယ်ကာ သေးငယ်သည့် အုပ်စုများဖွဲ့ပြီး ဘန်ကောက်မြို့ရှိ နေရာအများအပြားတို့တွင် ဆန္ဒပြခဲ့သည်။

ကျောင်းသား လူငယ်များနှင့် အခြားလူများပါဝင်သည့် ဆန္ဒပြသူ ၁၀၀ ခန့်သည် မြို့လယ်ကောင်ရှိ ဘူတာတစ်ခုရှေ့တွင် စုဝေးထိုင်ကာ အော်ဟစ်ဆန္ဒပြခဲ့ကြသည်။

အစိုးရက ဘန်ကောက်မြို့နှင့် အနီးတစ်ဝိုက် ရထားကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး မြေအောက်ရထားလိုင်းများနှင့် မိုးပျံရထားလိုင်းများကို ပိတ်လိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံက တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြု

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံတွင် နိုင်ငံ့လုံခြုံရေးကို ထိခိုက်နိုင်သည့် ကုန်ပစ္စည်းများပြည်ပသို့ တင်ပို့မှုကို ပိုမိုစည်းကမ်းတင်းကျပ်စွာ ထိန်းချုပ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေကို တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီက အောက်တိုဘာ ၁၇ ရက်တွင် အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်သည့်ဥပဒေသည် လာမည့် ဒီဇင်ဘာ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး အဆိုပါဥပဒေအရ နိုင်ငံ့လုံခြုံရေးနှင့် စပ်လျဉ်းသည့် ပစ္စည်း၊ နည်းပညာနှင့် ဝန်ဆောင်မှုများ ပြည်ပသို့တင်ပို့ခြင်းကို ပိတ်ပင်ခြင်းနှင့် ကန့်သတ်ခြင်းများပြုလုပ်ရန် ပြဋ္ဌာန်းထားကြောင်း သိရသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်ထားသည့် ကုမ္ပဏီများနှင့် တရုတ်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု ယူဆရသည့် အခြားအဖွဲ့အစည်းများအပေါ်တွင်လည်း အဆိုပါဥပဒေသက်ရောက်မည်ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် အဆိုပါဥပဒေနှင့် ငြိစွန်းနိုင်သည့် အရာများနှင့်ပတ်သက်၍ အသေးစိတ်မသိရသေးပေ။

ထို့ပြင် တရုတ်နိုင်ငံမှ တင်ပို့သည့်ကုန်ကြမ်းများကို အသုံးပြု၍ တရုတ်နိုင်ငံပြင်ပတွင် ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုကိုလည်း အဆိုပါဥပဒေအရ ကန့်သတ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၂၆၃၈ ဦးရှိ

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၁၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၆၃၈ ဦးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့်အတည်ပြုလူနာအရေအတွက်စုစုပေါင်း ၃၅၉၁၆၉ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

**ပျောက်ကင်းသူ ၂၂၆ ဦး ထပ်တိုး**

ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူ ၂၂၆ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး ရောဂါပျောက်ကင်းသွားသူ အရေအတွက်စုစုပေါင်း ၃၁၀၃၀၃ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၂၆ ဦး ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ သေဆုံးသူ အရေအတွက်စုစုပေါင်း ၆၆၇၅ ဦးအထိ ဖြစ်လာကြောင်း သိရသည်။

နိုင်ငံ့လူဦးရေ သန်းပေါင်း ၁၁၀ ရှိသည့်အနက် ပြည်သူ ၄ ဒသမ ၁၃ သန်းကျော်ကို ဗိုင်းရပ်စ်စစ်ဆေးမှု ဆောင်ရွက်ထားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**တင်းကျပ်စွာ ချမှတ်**

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မြို့တော်မနီလာနှင့် ရောဂါကူးစက်ဖြစ်ပွားမှုများသည့် အခြားဒေသများတွင် ပြီးခဲ့သည့် မတ်လလယ်မှ စတင်ကာ အသွားအလာကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာ ချမှတ်ခဲ့သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၏ ကားထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု စက်တင်ဘာလတွင် အခြေအနေပြန်ကောင်းလာ

**ဆိုးလ် အောက်တိုဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ၏ ကားထုတ်လုပ်မှု၊ ပြည်ပသို့ တင်ပို့ရောင်းချမှုနှင့် ပြည်တွင်းရောင်းချမှုများ စက်တင်ဘာလအတွင်း ပြန်တက်လာခဲ့ရာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု၏ နောက်ဆက်တွဲထိခိုက်မှုမှ ပြန်လည်နာလန်ထူလာသည့် အခြေအနေကို တွေ့ရကြောင်း အောက်တိုဘာ ၁၉ ရက်တွင် အစိုးရက သတင်းဖော်ပြခဲ့သည်။

စက်တင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံထုတ် ကားအစီးရေ ၁၉၃၀၈၁ စီးအထိ ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့ရာ ယခင်နှစ်ကထက် ၁၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စီးပွားရေး ထိခိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယားနိုင်ငံ၏ ကားထုတ်လုပ်ရောင်းချမှု အခြေအနေ ပြန်ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။ စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံမှ မော်တော်ယာဉ်များကို ၂၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ဖြန့်ဖြူးရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံရှိ ကားစက်ရုံတစ်ရုံ၌ ကားတပ်ဆင်ထုတ်လုပ်မှုကို တွေ့ရစဉ်။

# ဟောင်ကောင်တန်ဖိုးနည်းလေကြောင်းလိုင်းက မည်သည့်နေရာကိုမှ ပြေးဆွဲခြင်းမပြုသည့် ခရီးစဉ်စတင်

**ဟောင်ကောင် အောက်တိုဘာ ၁၉**

ဟောင်ကောင်ရှိ တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် HK Express သည် မီဒီယာသမားများနှင့် နာမည်ကြီး ကျော်ကြားသူများကို ဖိတ်ကြားကာ ခရီးစဉ်ဖွင့်ပွဲကို ပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ ဝေဖန်မှု ကို ခံနေရသည်။

အဆိုပါ တန်ဖိုးနည်းလေကြောင်းလိုင်းကို ယခုအခါ ကာသေ့ ပစီဖိတ်က အပြည့်အဝပိုင်ဆိုင်ပြီး ကိုဗစ် -၁၉ ရောဂါကြောင့် မြေပြင်တွင် ရပ်နားထားရသည်မှာ လအတန်ကြာမြင့်နေပြီဖြစ်သည်။ အထူးပျံသန်းခြင်း ပွဲစဉ်အဖြစ် ခရီးသည် ၁၁၀ ကို တင်ဆောင်ကာ အောက်တိုဘာ ၁၅ ရက်က ဟောင်ကောင်တွင် ပျံသန်းခဲ့ကာ မိနစ် ၉၀ ကြာပြီးနောက် မြေပြင်ပေါ်ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

လေကြောင်းလိုင်းလုပ်ငန်းများတွင် အကျပ်အတည်းများနှင့် နက်နက်ရှိုင်းရှိုင်း ရင်ဆိုင်နေရပြီး ဩစတြေးလျနှင့် ဂျပန်တို့ အပါအဝင် အချို့သော လေကြောင်းလိုင်းများသည် မည်သည့် နေရာကိုမျှ ပြေးဆွဲခြင်းမပြုဘဲ လေဆိပ်တစ်ခုမှ ပျံတက်ကာ ၎င်းလေဆိပ်၌ပင် ပြန်လည်ဆင်းသက်သည့် ခရီးစဉ်အတိုများ ပြုလုပ်လာခဲ့ကြသည်။

ယင်းသို့ပြေးဆွဲပျံသန်းမှုများကို ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်သည့်အခါ ပြန်လည်သတိရအောင် နှိုးဆွသည့် လုပ်ရပ်ဟု ဖော်ပြကြသည်။

နေထိုင်မှုပုံစံအသစ်အတွက် ခရီးသွားများအနေဖြင့် ရင်းနှီးမှုရှိလာအောင် လေ့ကျင့်ပေးသည့် လုပ်ရပ်ဟု HK Express မှ ပြည်သူ့ဆက်ဆံရေးအရာရှိဖြစ်သူ အီရစ်ဟိုက သတင်းထောက်များကို ပြောသည်။

ခရီးသွားများသည် မည်သည့်နေရာကိုမှ မသွားရသည်မှာ ကာလအတန်ကြာမြင့်ပြီဖြစ်ပြီး လေယာဉ်ပေါ်တွင် အသစ်ပြုလုပ်ထားသည့် ကာကွယ်ရေးအစီအမံများကို ခရီးသွားများအား ပညာပေးရန် ရည်ရွယ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ နိုဝင်ဘာလအတွင်း မည်သည့်နေရာကိုမျှ ပြေးဆွဲခြင်းမပြုသည့် ပျံသန်းမှု သုံးခု ပြုလုပ်သွားမည်ဖြစ်ပြီး ဟောင်ကောင်ဒေါ်လာ ၃၈၈ ကျသင့်မည်ဖြစ်သည်။

ယင်းဈေးနှုန်းသည် အခြားသော ရှုခင်းကြည့်ခရီးစဉ်များနှင့်ယှဉ်လျှင် ဈေးသက်သာသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ခရီးစဉ်လက်မှတ်များမှာ ရောင်းကုန်သွားပြီဖြစ်ကြောင်းသိရသည်။ **အေအက်ဖ်ပီ**



HK Express မှ ရပ်နားထားသည့် လေယာဉ်ကို တွေ့ရစဉ်။

# ကိုဗစ် -၁၉ ဒုတိယအကျော့ကြောင့် အီတလီနိုင်ငံတွင် စည်းမျဉ်းအသစ်များချမှတ်



အီတလီနိုင်ငံ နေပယ်မြို့တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

**ရောမ အောက်တိုဘာ ၁၉**

ကိုဗစ် -၁၉ ကူးစက်မှု များပြားလာသည့်အတွက် အီတလီနိုင်ငံတွင် ကန့်သတ်ချက်အသစ်များ ချမှတ်လိုက်ကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် နွေဦးက ချမှတ်ခဲ့သည့် တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ ကန့်သတ်မှုမျိုးကိုမူ ထပ်မံချမှတ်မည်မဟုတ်ဟု ဆုံးဖြတ်ခဲ့သည်။

အောက်တိုဘာ ၁၈ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အီတလီဝန်ကြီးချုပ် ဂူဆက်ပီ ကွန်တီက စည်းမျဉ်းအသစ် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အသစ်ချမှတ်လိုက်သည့် စည်းမျဉ်းအသစ်များတွင် စားသောက်ဆိုင်များနှင့် ဘားဆိုင်များဖွင့်ရပိတ်ရမည့် အချိန်ကန့်သတ်ချက် ပါဝင်သည်။ အခြားသော လူစုလူဝေးပြုလုပ်ခြင်းများနှင့် ပြည်သူ့ရင်ပြင်များ ပိတ်ထားရန်လိုအပ်ပါက ဒေသခံမြို့တော်ဝန်များအနေဖြင့် အမိန့်ချမှတ်ပြုလုပ်နိုင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အီတလီနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ကိုဗစ်- ၁၉ ကူးစက်မှုပေါင်း ၁၂၀၀၀ ကိုတွေ့ရှိခဲ့သည်။ ပြီးခဲ့သည့် ၆ ရက်တာကာလအတွင်း တိုင်းပြည်အတွင်း ကူးစက်မှုများမှာ ပိုမိုမြင့်မားလာခဲ့သည်။

အောက်တိုဘာ ၁၈ ရက်က တွေ့ရှိခဲ့သည့်ပမာဏမှာ အများဆုံးပမာဏဖြစ်နေသည်။ ဥရောပနိုင်ငံများတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ ကိုဗစ်- ၁၉ ဒုတိယအကျော့ကြောင့် ကန့်သတ်ချက်များကို တင်းကျပ်နေရသည်။ ဗိုင်းရပ်စ်ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုကိုလည်း နည်းနိုင်သမျှ နည်းလိုကြသည်။ **အင်န်အိတ်ချ်ကေ**

# ပိုလန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု များပြားလာသည့်အတွက် အမျိုးသားအားကစားရုံကို ဆေးရုံအဖြစ် အသုံးပြုသွားမည်

**ဝါဆော အောက်တိုဘာ ၁၉**

ပိုလန်အမျိုးသားအားကစားရုံကြီးကို ဝါဆောမြို့အတွက် ကိုဗစ်-၁၉ ကုသရေးယာယီဆေးရုံအဖြစ် အသုံးပြုသွားမည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

### ဆုံးဖြတ်ချက်ထွက်ပေါ်

ပိုလန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှု များပြားလာသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ စိုးရိမ်ရသည့်အခြေအနေတွင် ရောက်ရှိနေသည်။ ပိုလန်ပြည်သူများ နေအိမ်၌သာနေရန်နှင့် အိမ်မှသာ အလုပ်လုပ်ကိုင်ကြရန် အစိုးရက တောင်းဆိုပြီးနောက် ယခုလို ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

### လူနာများအတွက် အခန်းပြုလုပ်

၂၀၁၂ခုနှစ် ယူရိုဘောလုံးပြိုင်ပွဲအတွက် တည်ဆောက်ထားခဲ့သော ပရိသတ် ၆၀၀၀၀ ဆံ့ အားကစားရုံကြီးကို လူနာများအတွက် အခန်းများ ပြုလုပ်ပေးနေပြီဖြစ်သည်။

### ခုတင် ၅၀၀ ထည့်သွင်းပေးသွားမည်

ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာများအတွက် ခုတင် ၅၀၀ ထည့်သွင်းပေးသွားမည်ဟု အစိုးရ ပြောရေးဆိုခွင့်ရှိသူ ပီတာမူလာက ပိုလ်ဆာနယူးစ်သို့ ပြောသည်။

ယာယီဆေးရုံသစ်တွင် အထူးကြပ်မတ်ကုသဆောင်အတွက် ခုတင် ၅၀ ထည့်သွင်းပေးသွားမည်ဖြစ်ပြီး ယခုသီတင်းပတ်အကုန်တွင် အဆင်သင့် ဖြစ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုအခါ ကူးစက်မှုမြင့်သည့် ဒေသများရှိ ဆေးရုံများတွင် လူနာအရေအတွက် များပြားသဖြင့် နောက်ထပ်လူနာများအတွက် ခုတင် ပေးနိုင်ခြင်း မရှိတော့ပေ။

### အန္တရာယ်ဇုန်အဖြစ် သတ်မှတ်

ပိုလန်နိုင်ငံ တစ်ဝက်နီးပါးခန့်ကို အကြမ်းဖျင်းအားဖြင့် ကိုဗစ် -၁၉ အန္တရာယ်ဇုန်အဖြစ် အောက်တိုဘာ ၁၇ ရက်က သတ်မှတ်ခဲ့သည်။

စားသောက်ဆိုင်များကို ည ၉ နာရီတွင် ပိတ်ရန် အမိန့်ထုတ်ထားပြီး မင်္ဂလာအခမ်းအနားများကိုလည်း ပိတ်ပင်ထားသည်။

**အေအက်ဖ်ပီ**

# အမေရိကန် ရွေးကောက်ပွဲမတိုင်မီ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်မှ ကြော်ငြာ ၂ ဒသမ ၂ သန်းငြင်းပယ်ခံရ

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်မှ ပို့စ်ပေါင်း ၁၂၀၀၀၀ နှင့် ကြော်ငြာပေါင်း ၂ ဒသမ ၂ သန်းကို ငြင်းပယ်ခဲ့သည်ဟု ဖေ့စ်ဘွတ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ နစ်ခ်ကလက်ဂျ်က အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် သတင်းအမှားများ တင်သည့်အတွက် သတိပေးမှုပေါင်း သန်း ၁၅၀ ပြုလုပ်ခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် အမေရိကန် ရွေးကောက်ပွဲကာလကဲ့သို့ဖြစ်ရပ်များ ထပ်မဖြစ်အောင် ဖေ့စ်ဘွတ်မှ ကြိုးစားဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဥရောပသမဂ္ဂမှ ဗြိတိန်နှုတ်ထွက်သင့် မသင့် မဲပေးရာတွင်လည်း အလားတူဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရဖူးသည်။

အလားတူကိစ္စရပ်မျိုး ထပ်မံမဖြစ်ပွားစေရေး ဖေ့စ်ဘွတ်မှ ဝန်ထမ်းပေါင်း ၃၅၀၀၀ တာဝန်ချထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ကုလသမဂ္ဂ၏ ပိတ်ဆို့မှု ဖယ်ရှားအပြီး လက်နက်ကုန်သွယ်မှုစရန် အသင့်ဖြစ်ဟု အီရန်ပြော

**တီဟီရန် အောက်တိုဘာ ၁၉**

ကုလသမဂ္ဂ၏လက်နက်ကုန်သွယ်မှု ပိတ်ပင်မှုမှာ အောက်တိုဘာ ၁၈ ရက်တွင် သက်တမ်းကုန်သွားပြီဖြစ်ပြီး ယင်းနောက် လက်နက်ကုန်သွယ်မှု ပြန်လည်စတင်ရန် အသင့်ဖြစ်နေပြီဟု အီရန်ကာကွယ်ရေးဝန်ကြီးက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နှင့် အချို့သောနိုင်ငံများသည် လက်နက်ဖလှယ်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ထားပြီး ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ရန်လည်း ဆွေးနွေးထားကြောင်း ဝန်ကြီး အီမာဟာတမီက ပြောကြားခဲ့သည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံကို ကာကွယ်ပိုင်ခွင့်ရှိပြီး အီရန်နိုင်ငံသည်လည်း အစွမ်းကုန် ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံအတွင်း ထုတ်လုပ်သွားမည်ဖြစ်ပြီး လက်နက် ရောင်းချရေးအတွက် ဦးစားပေးကာ ကုန်သွယ်မှု အဓိကပြုလုပ်သွားမည်ဖြစ်သည်။

အီရန်နိုင်ငံသည် မြေပြင်သုံး စစ်လက်နက်ပစ္စည်းများ၊ အမြောက်များ၊ စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့် ဒရုန်းနည်းပညာများတွင် အသိအမှတ်ပြုဖွယ် တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ရမ်ဒက်ဆဗီယာဆေးဖြင့် အရေးပေါ်ကုသမှုအတွက် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်ထုတ်ပြန်မည်

ကလျာမိုးမြင့်

**ကပ်ရောဂါကို ရင်ဆိုင်နေရတဲ့ ကမ္ဘာ့နိုင်ငံအများအပြားမှာ ကိုဗစ်-၁၉ အရေးပေါ်ကုသမှုအတွက် ခွင့်ပြုချက်ပေးထားတဲ့ ရမ်ဒက်ဆဗီယာဗိုင်းရပ်စ်သတ်ဆေးအသုံးပြုခြင်းနဲ့ ပတ်သက်ပြီး မူဝါဒလမ်းညွှန်ချက်တွေကို လာမယ့် ရက်သတ္တပတ်တွေအတွင်း ထုတ်ပြန်တော့မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့ပါတယ်။**




### ပြည့်ပြည့်စုံစုံထုတ်ပြန်မယ်

ကိုဗစ်-၁၉ လူနာတွေကို ရမ်ဒက်ဆဗီယာဆေးနဲ့ ကုသရာမှာ လူနာတွေသေဆုံးမှုကို ကာကွယ်နိုင်တဲ့ ထိရောက်မှု နည်းပါးတယ် သို့မဟုတ် ထိရောက်မှု လုံးဝမရှိဘူးဆိုတဲ့ စမ်းသပ်ကုသမှုရလဒ်တွေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ယခုရက်ပိုင်းအတွင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။

နိုင်ငံပေါင်း ၃၀ မှာရှိတဲ့ ဆေးရုံပေါင်း ၄၀၀ ကျော်မှာ စမ်းသပ်လေ့လာမှုပြုလုပ်ခဲ့တဲ့ ရလဒ် တွေဖြစ်ပြီး မကြာခင်မှာ အဲဒီရလဒ်တွေနဲ့ ပတ်သက်လို့ ပိုမိုပြည့်ပြည့်စုံစုံ ထုတ်ပြန်နိုင်မယ်လို့ မျှော်လင့်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရိစ် အက်ဒဟာနွမ် ဂီဘရီယက်ဆုစ်က အောက်တိုဘာ ၁၆ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

### စမ်းသပ်ကုသ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လုပ်ဆောင်ခဲ့တဲ့ စမ်းသပ်ကုသမှုမှာ ကိုဗစ်-၁၉ အတွက် အလားအလာရှိတဲ့ ရမ်ဒက်ဆဗီယာနဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေး အပါအဝင် ဆေးလေးမျိုးကိုအသုံးပြုပြီး လေ့လာစောင့်ကြည့်ခဲ့တယ်လို့သိရပါတယ်။ ရမ်ဒက်ဆဗီယာဆေးဟာ ကိုဗစ်- ၁၉ ရောဂါကို ကုသဖို့ အသုံးပြုတဲ့ဆေးတွေ ထဲက တစ်ခုအပါအဝင်ဖြစ်ပြီး သမ္မတထရမ့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရလို့ ဆေးရုံတက်ခဲ့ရတဲ့ အတော အတွင်းမှာလည်း ဒီဆေးနဲ့ပဲ ကုသခဲ့တာပါ။

### ကိုက်ညီမှုမရှိ

ကိုဗစ်-၁၉ လူနာတွေကို အသက်မဆုံးရှုံးအောင် ကာကွယ်နိုင်တဲ့ ထိရောက်မှု နည်းပါးတယ် သို့မဟုတ် ထိရောက်မှု မရှိဘူးဆိုတဲ့ စမ်းသပ်ကုသမှု တွေ့ရှိချက်တွေနဲ့ပတ်သက်ပြီး ရမ်ဒက်ဆဗီယာဆေးကို ထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တဲ့ Gilead ကုမ္ပဏီက ငြင်းဆန်ထားတယ်လို့ သိရပါတယ်။ Gilead က အဲဒီလေ့လာတွေ့ရှိချက်တွေဟာ တခြားသူတွေ လုပ်ဆောင်ခဲ့တဲ့ စမ်းသပ်မှုရလဒ်တွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် ရလဒ်တွေကို ပြန်ပြီးသုံးသပ်ဖို့ လိုအပ်မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

သီးသန့် လုပ်ဆောင်ခဲ့တဲ့ လက်တွေ့စမ်းသပ်ကုသမှုအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ကိုဗစ်-၁၉ အတွက် ကုသဆေးအဖြစ် အလားအလာရှိတဲ့ ဆေးတွေအဖြစ် အီဘိုလာရောဂါကုသရာမှာသုံးတဲ့ ရမ်ဒက်ဆဗီယာ၊ ငှက်ဖျားရောဂါကုသရာမှာ သုံးတဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်း၊ မူးယစ်ဆေးစွဲခြင်းကို ကုသရာမှာသုံးတဲ့ဆေး အင်တာဖယ်ရွန်နဲ့ အိတ်ချ်အိုင်ဗွီ ကုသတဲ့ ဆေးပေါင်း ဖြစ်တဲ့ လိုပီနာဗာနဲ့ ရီတိုနာဗာဆေးတွေရဲ့ ထိရောက်မှုကို လေ့လာခဲ့တာဖြစ်ပါတယ်။

### သေဆုံးမှုကိုမလျှော့ချနိုင်

ကုန်ကျစရိတ်နည်းပြီး လက်ရှိဖြတိန်မှာ အထူးကြပ်မတ် ကုသဆောင်က ကိုဗစ်-၁၉ လူနာတွေကို ကုသဖို့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေတဲ့ စတီးရွိုက် ဆေးဖြစ်တဲ့ ဒက်ဆာမက်သာဆုန်းဆေးကိုတော့ အဲဒီလေ့လာမှုမှာ ထည့်သွင်းစမ်းသပ်ခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

နိုင်ငံပေါင်း ၃၀ မှာရှိတဲ့ ရာနဲ့ချီတဲ့ဆေးရုံတွေမှာ အရွယ်ရောက်ပြီး လူနာတွေကို ဖော်ပြပါဆေး လေးမျိုးကို စမ်းသပ်ကုသမှု လုပ်ဆောင်လိုက်တဲ့အခါ ဒီဆေးတွေအားလုံးဟာ ဆေးရုံတက်ရောက်ရတဲ့ ကြာချိန်ကို လျှော့ချနိုင်တဲ့ ထိရောက်မှုနဲ့ လူနာတွေသေဆုံးမှုကို လျှော့ချနိုင်လောက်တဲ့ ထိရောက်မှု မရှိဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြခဲ့တာဖြစ်ပါတယ်။

### စမ်းသပ်မှုရပ်နား

ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးနဲ့ လိုပီနာဗာ၊ ရီတိုနာဗာဆေးတွေနဲ့ စမ်းသပ်ကုသတာကို ဇွန်လအတွင်းမှာ ရပ်လိုက်တယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ သိပ္ပံပညာရှင်များအကြီးအကဲ ဆိုမာ ဆွာမိနာသန်က ပြောကြားခဲ့ပါတယ်။

စမ်းသပ်မှုရပ်လိုက်ရတဲ့အကြောင်းကတော့ အဲဒီဆေးတွေက အလုပ်မဖြစ်ဘူးဆိုတာကို တွေ့ရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဘဝင်မကျစရာဖြစ်နေတဲ့ အချက်ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လုပ်ဆောင်ခဲ့တဲ့ လေ့လာစမ်းသပ်မှု ရလဒ်တွေဟာ ယခုလအစောပိုင်းက Gilead ကုမ္ပဏီက လုပ်ဆောင်ခဲ့တဲ့ လေ့လာမှုရလဒ်တွေနဲ့ ကွဲလွဲနေတယ်ဆိုတဲ့ အချက်ပါပဲ။

Gilead ရဲ့ စမ်းသပ်လေ့လာမှုမှာ ရမ်ဒက်ဆဗီယာဆေးပေးထားတဲ့ လူနာတွေဟာ အာနိသင်မဲ့ဆေးတွေပေးထားတဲ့ လူနာတွေထက် ရောဂါပျောက်ကင်းမှုပိုမြန်ဆန်တယ်လို့ သိရပါတယ်။ စမ်းသပ်မှုမှာ ကိုဗစ်- ၁၉ ကူးစက်ခံထားရတဲ့ လူနာ ၁၀၀၀ လောက်ပါဝင်ခဲ့ကြပြီး ရမ်ဒက်ဆဗီယာနဲ့ကုသတဲ့ လူနာတွေမှာ တခြားလူနာတွေထက် ငါးရက်လောက်စောပြီး ရောဂါပျောက်ကင်းသွားကြတယ်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

### မူဝါဒဆိုင်ရာ လမ်းညွှန်ချက်ထုတ်ပြန်မည်

ရမ်ဒက်ဆဗီယာဆေးနဲ့ပတ်သက်လို့ လက်တွေ့စမ်းသပ်မှု အချက်အလက်တွေကို ပြန်လည်သုံးသပ်ပြီးသွားတဲ့အခါ ဒီဆေးကို ကိုဗစ်- ၁၉ လူနာတွေအတွက် ကုသရာမှာ အရေးပေါ်အနေနဲ့ ဆက်သုံးသင့်၊ မသုံးသင့် ဆုံးဖြတ် နိုင်မှာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သိပ္ပံပညာရှင်များအကြီးအကဲ ဆိုမာ ဆွာမိနာသန်က ဆိုပါတယ်။

ရမ်ဒက်ဆဗီယာဆေးနဲ့ပတ်သက်တဲ့ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်တွေကိုလည်း လာမယ့်ရက်သတ္တပတ် အနည်းငယ်အတွင်း ထုတ်ပြန်မှာဖြစ်တယ်လို့ ၎င်းက ပြောကြားလိုက်ပါတယ်။

### ကာကွယ်ဆေးမျှော်လင့်ချက်

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုဟာ အရှိန်အဟုန်နဲ့ ဝင်ရောက်လာနေချိန် ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက်တွေဟာ သေချာရေရာတဲ့ အနေအထား မရောက်သေးခင်မှာ ရောဂါကုသဆေး ဖြစ်တဲ့ ရမ်ဒက်ဆဗီယာဆေး စမ်းသပ်ကုသမှုရလဒ်တွေနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ဖော်ပြချက်က ပြည်သူတွေအတွက် အားလျော့သွားစေတာတော့အမှန်ပဲဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လက်ရှိမှာ ကိုဗစ်- ၁၉ ကြောင့် အပြင်းဖျားတဲ့လူနာတွေအတွက် ထိရောက်မှုရှိတဲ့ တစ်ခုတည်းသောဆေးကတော့ အဆုတ်ရောင်ရောဂါကုသတဲ့ စတီးရွိုက် ဒက်ဆာမက်သာဆုန်းဆေးဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ကိုးကား- အင်န်အိတ်ချ်ကေ

> “ရမ်ဒက်ဆဗီယာဆေးနဲ့ပတ်သက်လို့ လက်တွေ့စမ်းသပ်မှု အချက်အလက်တွေကို ပြန်လည်သုံးသပ်ပြီးသွားတဲ့အခါ ဒီဆေးကို ကိုဗစ်- ၁၉ လူနာတွေအတွက် ကုသရာမှာ အရေးပေါ်အနေနဲ့ ဆက်သုံးသင့်၊ မသုံးသင့် ဆုံးဖြတ်နိုင်မှာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သိပ္ပံပညာရှင် များအကြီးအကဲ ဆိုမာ ဆွာမိနာသန်က ဆိုပါတယ်။ ရမ်ဒက်ဆဗီယာဆေးနဲ့ ပတ်သက်တဲ့ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်တွေကိုလည်း လာမယ့်ရက်သတ္တပတ် အနည်းငယ် အတွင်း ထုတ်ပြန်မှာဖြစ်တယ်လို့ ၎င်းက ပြောကြားလိုက်ပါတယ်”

---

## နိုင်ငံတကာသတင်းတိုထွာ

### တောင်အာဖရိက ကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ကူးစက်ခံရ

**ကိပ်တောင်း အောက်တိုဘာ ၁၉**

တောင်အာဖရိက ကျန်းမာရေးဝန်ကြီး Zweli Mkhize နှင့် ၎င်း၏ဇနီးတို့ ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးရုံးက အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ခဲ့သည်။

ရောဂါကူးစက်ခံရပြီးနောက်တွင် ကျန်းမာရေးဝန်ကြီးနှင့် ဇနီးဖြစ်သူတို့မှာ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူလျက်ရှိပြီး မကြာခင်ရောဂါပျောက်ကင်းသွားလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးသည် ကိုဗစ်-၁၉ ကူးစက်ခံထားရဟန်ရှိသည့် ရောဂါလက္ခဏာအနည်းအကျဉ်း ဖြစ်ပေါ်လာပြီးနောက် အောက်တိုဘာ ၁၇ ရက်တွင် ဗိုင်းရပ်စ်စစ်ဆေးမှုခံယူခဲ့ရာ ပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ တောင်အာဖရိက နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ၇၀၀၀၀ အထိ ရှိလာကြောင်း သိရသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံ၌ ဖိုက်ဂျီကွန်ရက် အခြေစိုက် စခန်းပေါင်း ၆၀၀၀၀၀ ကျော်အထိ ရှိလာ

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံတွင် ဖိုက်ဂျီကွန်ရက် အသုံးပြုသူအရေအတွက် မြင့်တက်လာသည်နှင့်အမျှ နည်းပညာကိရိယာများတွင် ကွန်ရက်ချိတ်ဆက်မှု သန်းပေါင်း ၁၅၀ အထိ ရှိလာခဲ့ကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ဖိုက်ဂျီကွန်ရက်ကို တိုးချဲ့ရန် အခြေစိုက်စခန်းများ ဆက်လက်တည်ဆောက်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်း၌ ဖိုက်ဂျီ အခြေစိုက်စခန်းပေါင်း ၆၀၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေး ကြိုးပမ်းရာတွင် ဖိုက်ဂျီနည်းပညာပံ့ပိုးမှုနှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု အရှိန်အဟုန်မြင့်တက်စေခဲ့သည်။

ဖိုက်ဂျီ အသုံးပြုသူအရေအတွက် မြင့်တက်လာသည့်အတွက် ဖိုက်ဂျီနှင့်ဆက်နွှယ်သည့် တီထွင်ဆန်းသစ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာခဲ့ကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အကယ်ဒမီအကြီးအကဲ လျူဒိုက ပြောသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၁၉ ရက် သာ**

**လိုတော့သည်။**

# ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၂၈ ရုံးတို့မှ ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲများကို Myanmar DHL Service မှ လွှဲပြောင်းလက်ခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးအပ်၊ ဒူဘိုင်းမြို့ရှိ ပြင်ပမဲရုံခွဲ၌ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၂၈ ရုံးတို့မှ ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့် ချိပ်ပိတ်ထားသော သံတမန်ချောအိတ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်ခဲ့**

အဆိုပါ ရုံး ၂၈ ရုံးတို့မှ ပြန်လည်ပေးပို့လာသည့် ဆန္ဒပြုပြီး မဲလက်မှတ်များ ပါဝင်သည့် အထုပ် လေးထုပ်အား ယနေ့နံနက် ၆ နာရီခွဲတွင် လုံခြုံရေး အစောင့်အရှောက်ဖြင့် ရန်ကုန်မြို့ရှိ Myanmar DHL Service ရုံးချုပ်မှ စတင်ပို့ဆောင်ခဲ့ရာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမှတစ်ဆင့် နေပြည်တော်အဝင် Toll Gate သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ၎င်းဆန္ဒမဲလက်မှတ်ပါအထုပ်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်က နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ **(အပေါ်ပုံ)**



ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လာရာ အောက်တိုဘာ ၁၄ ရက်တွင် ရုံးလေးရုံးတို့မှ ဆန္ဒမဲလက်မှတ်များကို လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရုံးနှစ်ရုံးတို့မှ ဆန္ဒမဲလက်မှတ်များကို လည်းကောင်း၊ ယနေ့တွင် ရုံး ၂၈ ရုံးတို့မှ မဲလက်မှတ်များကို လည်းကောင်း လက်ခံရရှိခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အဆိုပါနေ့ရက်များ၌ပင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ယခုအချိန်ထိ ရုံး ၃၄ ရုံးတို့မှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို စနစ်တကျ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**စနစ်တကျ လွှဲပြောင်းပေးပို့သွားမည်**

ကျန်ရှိသည့် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များ ပေးပို့လာပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စနစ်တကျ လွှဲပြောင်းပေးပို့သွားမည်ဖြစ်သည်။

ထို့ပြင် အာရပ်စော်ဘွားများ ပြည်ထောင်စု၌ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများသည် ဒူဘိုင်းမြို့ရှိ ပြင်ပမဲရုံခွဲ၌ မဲရုံဖွင့်လှစ်သည့် ဒုတိယနေ့ အောက်တိုဘာ ၁၈ ရက်က ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြရာ စုစုပေါင်း မဲဆန္ဒရှင် ၂၇၃ ဦး လာရောက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြသဖြင့် မဲရုံခွဲ ဖွင့်လှစ်သည့် နှစ်ရက်၌ စုစုပေါင်း မဲဆန္ဒရှင် ၅၅၄ ဦး ကြိုတင်မဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။



mVoter 2020

“ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့”

# လက္ခဏာပြတာနဲ့ ဆေးရုံကိုသွားဖို့ အရေးကြီး



(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါရတဲ့ပြည်သူများဟာ သုံးသောင်းကျော်သွားပါပြီ။ အဲဒီသုံးသောင်းကျော်သွားတဲ့ အထဲမှာဆိုရင် ၄၅ ရာခိုင်နှုန်းလောက်က ဆေးရုံပြန်ဆင်းပါပြီ။ ကုသပြီးတော့ ပြန်ပြီးကျန်းမာလာပြီ။ ဆေးရုံပြန်ဆင်း သွားပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီထဲမှာ အသေအပျောက်ကလည်း ရှိပါတယ်။ အဲဒါ ၇၀၀ ကျော်ပြီဆိုတော့ ၂ ဒသမ ၄ ရာခိုင်နှုန်းလို့ ပြောနိုင်ပါတယ်။ ဒီလိုသေဆုံးတဲ့ပြည်သူတွေရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ၉၅ ရာခိုင်နှုန်းလောက်က အခြေခံ အခြားရောဂါတွေ ရှိတဲ့သူတွေဖြစ်တယ်ဆိုတာ မြင်ရပါတယ်။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့က အင်မတန် အရေးကြီးပါတယ်။ အခြေခံကျန်းမာရေးချို့ယွင်းချက်ရှိသူများ၊ အားနည်းချက်ရှိသူများအနေနဲ့ ပိုပြီးတော့ သတိထားဖို့ လိုပါတယ်ဆိုတာ ထပ်တလဲလဲပြောနေတဲ့ကိစ္စ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း သေဆုံးသူများအနေနဲ့ဆိုရင် ၁၉ ရာခိုင်နှုန်းက အသက်ဆုံးရှုံးပြီးမှ၊ အသက်ပျောက်ပြီးမှ ဆေးရုံကိုရောက်လာတာပါ။ အဲဒီလိုအသက်ပျောက်ပြီး ဆေးရုံကို ရောက်လာတဲ့အခါ စမ်းသပ်ကြည့်တော့မှ ကိုဗစ်ရောဂါပိုးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ၁၉ ရာခိုင်နှုန်းဆိုတာ မနည်းပါဘူး။ အသေအပျောက်ထဲက ၁၉ ရာခိုင်နှုန်းက သေဆုံးပြီးမှ ဆေးရုံကိုရောက်လာတာဆိုတော့ စောစောစီးစီး ဒီရောဂါ လက္ခဏာပြတာနဲ့ ဆေးရုံကိုသွားဖို့ သက်ဆိုင်ရာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကိုသွားဖို့ အရေးကြီးတယ်ဆိုတာ ထပ်ပြီးတော့လည်း သတိပေးချင်ပါတယ်။



## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့


**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၀ အား မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု (၇)ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု (၇)ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသား ဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် (၁၆)ကြိမ် တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




### ၁၉-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၈၈၀၁၃ | ၅၄၅၇၉၁၂ | ၂၂၄၇၃၂ |
| ၂။ | အိန္ဒိယ | ၇၅၅၂၆၂ | ၆၆၆၃၆၀၈ | ၁၁၄၆၇၀ |
| ၃။ | ဘရာဇီး | ၅၂၃၅၃၄၄ | ၄၆၅၀၀၃၀ | ၁၅၃၉၀၅ |
| ၄။ | ရုရှား | ၄၁၅၁၃၁၆ | ၁၀၇၅၉၀၄ | ၂၄၃၆၆ |
| ၅။ | အာဂျင်တီးနား | ၉၈၉၆၈၀ | ၈၀၃၉၆၅ | ၂၆၂၆၇ |
| ၆။ | စပိန် | ၉၈၂၇၂၃ | စိစစ်ဆဲ | ၃၃၇၇၅ |
| ၇။ | ကိုလံဘီယာ | ၉၅၉၅၇၂ | ၈၅၈၂၉၄ | ၂၈၉၇၀ |
| ၈။ | ပြင်သစ် | ၈၉၇၀၃၄ | ၁၀၄၆၉၆ | ၃၃၄၇၇ |
| ၉။ | ပီရူး | ၈၆၈၆၇၅ | ၇၇၉၇၇၉ | ၃၃၇၅၉ |
| ၁၀။ | မက္ကဆီကို | ၈၅၁၂၂၇ | ၆၁၉၀၃၆ | ၈၆၁၆၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉– ၁၀ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၆၅၂၄၀ | ၂၈၉၂၄၃ | ၁၂၆၁၇ |
| ဖိလစ်ပိုင် | ၃၅၉၁၆၉ | ၃၁၀၃၀၃ | ၆၆၇၅ |
| စင်ကာပူ | ၅၇၉၁၅ | ၅၇၈၀၇ | ၂၈ |
| မြန်မာ | ၃၇၂၀၅ | ၁၇၅၆၈ | ၉၁၄ |
| မလေးရှား | ၂၁၃၆၃ | ၁၃၇၁၇ | ၁၉၀ |
| ထိုင်း | ၃၆၉၁ | ၃၄၈၈ | ၅၉ |
| ဗီယက်နမ် | ၁၁၄၀ | ၁၀၄၆ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၃ | ၂၈၀ | ၀ |
| ဘရူနိုင်း | ၁၄၇ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၈၀ တွေ့ရှိ

(၁၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၁၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၈၀)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၉-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၀၄၇) ခု | (၂၆၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၆၆) ခု | (၆၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၀၉၁) ခု | (၁၀၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၂) ခု | (၄၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၈၉) ခု | (၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၄) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၃) ခု | (၀) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၇) ခု | (၂၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၆၅၃) ခု | (၄၄၃) ဦး |
| စုစုပေါင်း | (၁၉,၁၀၃) ခု | (၁,၁၈၀) ဦး |

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၉-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၉,၁၀၃) ဦး | (၅၂၉,၂၁၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၈၀) ဦး | (၃၇,၂၀၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၄၉၂) ဦး | (၁၇,၅၆၈) ဦး |
| သေဆုံးလူနာ | (၃၄) ဦး | (၉၁၄) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၃၄) ဦး အနက် ရောဂါအခံရှိသူ (၃၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၁,၅၃၆) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၈-၁၀-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၅၀)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့် | ၈၀ |
| | | မင်္ဂလာဒုံ | ၆၉ |
| | | တောင်ဥက္ကလာပ | ၅၂ |
| | | သဃ်န်းကျွန်း | ၄၅ |
| | | တာမွေ | ၄၄ |
| | | မြောက်ဥက္ကလာပ | ၄၀ |
| | | စမ်းချောင်း | ၃၉ |
| | | လှိုင်သာယာ | ၃၂ |
| | | အလုံ | ၃၁ |
| | | ရွှေပြည်သာ | ၂၉ |
| | | ပန်းဘဲတန်း | ၂၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၈ |
| | | ပုဇွန်တောင် | ၂၈ |
| | | အင်းစိန် | ၂၇ |
| | | သန်လျင် | ၂၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၂ |
| | | မရမ်းကုန်း | ၁၈ |
| | | သာကေတ | ၁၈ |
| | | လသာ | ၁၇ |
| | | ရန်ကင်း | ၁၇ |
| | | ဗဟန်း | ၁၅ |
| | | လှိုင် | ၁၄ |
| | | မှော်ဘီ | ၁၃ |
| | | ဗိုလ်တထောင် | ၁၃ |
| | | ဒလ | ၁၃ |
| | | ဒဂုံ | ၁၀ |
| | | သုံးခွ | ၁၀ |
| | | ကမာရွတ် | ၁၀ |
| | | လမ်းမတော် | ၁၀ |
| | | ကော့မှူး | ၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | ဒေါပုံ | ၆ |
| | | ကျောက်တန်း | ၆ |
| | | ကြည့်မြင်တိုင် | ၄ |
| | | ထန်းတပင် | ၃ |
| | | တွံတေး | ၁ |
| | | ကျောက်တံတား | ၁ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၈၄၁ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | ၂၆ |
| | | ဒိုက်ဦး | ၂၅ |
| | | ပဲခူး | ၂၁ |
| | | ဖြူး | ၁၂ |
| | | ကဝ | ၆ |
| | | ပြည် | ၅ |
| | | ကျောက်ကြီး | ၃ |
| | | ညောင်လေးပင် | ၃ |
| | | ပေါင်းတည် | ၃ |
| | | တောင်ငူ | ၃ |
| | | ကြို့ပင်ကောက် | ၂ |
| | | အုတ်တွင်း | ၁ |
| | | ရွှေတောင် | ၁ |
| | | လက်ပံတန်း | ၁ |
| | | စုစုပေါင်း | ၁၁၂ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၁ |
| | | ချမ်းအေးသာစံ | ၇ |
| | | ရမည်းသင်း | ၅ |
| | | အမရပူရ | ၄ |
| | | မိတ္ထီလာ | ၃ |
| | | နွားထိုးကြီး | ၁ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | စုစုပေါင်း | ၄၄ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၁၉ |
| | | မော်လမြိုင်ကျွန်း | ၇ |
| | | ကျုံပျော် | ၇ |
| | | မအူပင် | ၅ |
| | | ဟင်္သာတ | ၂ |
| | | ညောင်တုန်း | ၂ |
| | | လပွတ္တာ | ၂ |
| | | လေးမျက်နှာ | ၂ |
| | | ကျိုက်လတ် | ၁ |
| | | သာပေါင်း | ၁ |
| | | အိမ်မဲ | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၅။ | ရခိုင်ပြည်နယ် | ဘူးသီးတောင် | ၅ |
| | | ရသေ့တောင် | ၄ |
| | | မြောက်ဦး | ၂ |
| | | မင်းပြား | ၂ |
| | | ကျောက်ဖြူ | ၂ |
| | | ပေါက်တော | ၁ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၆။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း | ၂ |
| | | မင်းဘူး | ၂ |
| | | ပခုက္ကူ | ၁ |
| | | မင်းလှ | ၁ |
| | | အောင်လံ | ၁ |
| | | ရေစကြို | ၁ |
| | | မြို့သစ် | ၁ |
| | | စုစုပေါင်း | ၉ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၅ |
| | | ကနီ | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁ |
| | | စုစုပေါင်း | ၁ |
| ၉။ | ကရင်ပြည်နယ် | ဘားအံ | ၁၃ |
| | | ကော့ကရိတ် | ၂ |
| | | မြဝတီ | ၁ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၁၀။ | ရှမ်းပြည်နယ် | မူဆယ် | ၃ |
| | | ကျောက်မဲ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၃ |
| | | ရေဖြူ | ၁ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၇ |
| | | စုစုပေါင်း | ၇ |
| (၁၈-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၁၅၀) ဦး |

မှတ်ချက်။ (၁၈-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၅၀) ဦးတွင် အနံ့မရရှိသူ (၂၂၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၀)

*(ယမန်နေ့မှအဆက်)*

### ဒုတိယအကြိမ် Covid-19 Fund မှ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၃၆၁ | ဒေါ်စိုးစိုးမော် သီဟိုဠ်၊ သစ်မွှေး၊ သရက်စိုက်ပျိုးရေး | သာပေါင်းမြို့နယ်၊ ကွက်ပြင်အုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၆၂ | ကျားညီနောင် ဆီစက် | ဂျီ-၁၆၊ စက်မှုဇုန်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၃ | ကျော် ဆန်စက် | တင်းတိမ်ယံကျေးရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆၄ | လှိုင်သဇင် ဆန်စက် | ရှားခဲကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ပုသိမ်ခရိုင် |
| ၃၆၅ | ခိုင်လပြည့်ဝန်း ဆန်စက် | ပြည်တော်သာကျေးရွာ၊ အုတ်ဖိုမြို့နယ်၊ သာယာဝတီခရိုင် |
| ၃၆၆ | ရတနာလှိုင် ဆီစက်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး လုပ်ငန်း | အမှတ်(၁၃၁၅)၊ ဆံတော်တွင်းလမ်းမတန်း၊ အလင်းရောင် (၁)၊ နန်းတော်ရာရပ်ကွက် |
| ၃၆၇ | ထွန်း ဆီစက် | ၂၅/၂၆၊ ဦးပေါက်ထွန်းလမ်း၊ ဂန္ဓမာစက်မှုဇုံ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၆၈ | ငြိမ်းစံ ဆီစက် | ပိတောက်မြိုင်အမှတ်(၁)ရပ်၊ အရာတော်မြို့၊ မုံရွာခရိုင် |
| ၃၆၉ | မြရတနာ ဆန်စက် | အမှတ်(၈၅)၊ ကားဆိပ်ရပ်ကွက်၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၇၀ | ရွှေမြန်မာ ဆန်စက် | မြို့လှရပ်ကွက်၊ ကလေးမြို့ |
| ၃၇၁ | အောင်ရတနာ ဆန်စက်လုပ်ငန်း | ရန်ကုန်-ပြည်လမ်း၊ အင်းမမြို့ |
| ၃၇၂ | သပြေညို ဆန်စက်(ဒေါ်ထွေးညို) | နန်းသာကျေးရွာ၊ အင်းတော် |
| ၃၇၃ | မြန်မာညွန့် ဆန်စက် | ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူခရိုင် |
| ၃၇၄ | ဖွဲ့သုခ ဆန်စက် | မကျီးကုန်းကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၇၅ | ရွှေဥမ ဆန်စက်လုပ်ငန်း | ဆက်ချဆိပ်ရပ်၊ လက်ကောက်ဈေးအုပ်စု၊ မြောက်ဦးမြို့ |
| ၃၇၆ | ကြယ်စင်ဦး ဆန်စက် | ပန်းရံကျေးရွာ၊ ရွှေဘိုမြို့နယ် |
| ၃၇၇ | သမာဓိ ငါးပုံဆန်စက် | ညောင်လှကျေးရွာ၊ ဒီပဲယင်းမြို့နယ် |
| ၃၇၈ | သိန်းထွန်းအောင် ဆီစက် | အကွက် ၆၁၊ လမ်း- ၄၀၊ စက်မှုဇုန် ၁၊ မုံရွာမြို့ |
| ၃၇၉ | ကြည်သာဦး ဆန်စက် | အောင်ချမ်းသာရပ်၊ ရေဦးမြို့ |
| ၃၈၀ | ပါရမီ ဆန်စက် | ဘန်းလောင်လမ်း၊ ခြံကြီးမြိုင်ရပ်ကွက်၊ ဖြူးမြို့ |
| ၃၈၁ | အောင်ကျော်မိုး ဆန်စက် | ကျောင်းတော်ရာကျေးရွာ၊ ပွင့်ဖြူမြို့နယ် |
| ၃၈၂ | ကိုမင်းနိုင် ဆီစက် | ပါရမီရပ်၊ စစ်ကိုင်းမြို့ |
| ၃၈၃ | "ဇောတိက" အာလူးကြော်လုပ်ငန်း | အမှတ် (၅) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ပခုက္ကူမြို့ |
| ၃၈၄ | အောင်ခနေ ဆန်စက်နှင့် အောင်စည်ဖြိုး ဆန်စပါး၊ ပဲရောင်းဝယ်ရေး | သစ်နဖားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၈၅ | အောင်မိုးမိသားစု ဆန်စက် | မြောက်ကုန်းကြီးကျေးရွာ၊ ပေါင်းတည်မြို့ |
| ၃၈၆ | အောင် ဆန်စက်နှင့် ဆန်ရွေးစက် | ရွှေနန်းစံလမ်းနှင့် အောင်စည်ဟိန်းလမ်းထောင့်၊ စက်မှုဇုံ၊ ရွှေဘိုမြို့ |
| ၃၈၇ | လှိုင် ဆန်စက်လုပ်ငန်း | ချပ်သင်းရွာ၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူခရိုင် |
| ၃၈၈ | ရွှေရည်ဝင်း ဆန်စက် | သုဝဏ္ဏရပ်ကွက်၊ မြို့ကုန်းမ၊ ကောလင်းမြို့၊ ကသာခရိုင် |
| ၃၈၉ | ပစ်တိုင်းထောင် ဆန်စက် | ဗိုလ်အောင်ဇေယျလမ်း၊ ရေဦးမြို့ |
| ၃၉၀ | စိန်ကိုးလုံး ဆန်စက်လုပ်ငန်း | မအောင်းစုလမ်း၊ ဒရယ်မီးရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၉၁ | ဦးတင်လှ (ရွှေငွေထွန်း) ဆန်စက် | သဲကုန်းလမ်း၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း |
| ၃၉၂ | ကေဗိုင်း ဆီစက်၊ ဆန်စက် | ပျော်ဘွယ်တန်းလမ်း၊ ယွန်းတန်းရပ်ကွက် |
| ၃၉၃ | KKK ဆန်စက် | ဘီးလင်းမြို့နယ်၊ သထုံခရိုင်၊ ဇုတ်သုတ်ကျေးရွာ |
| ၃၉၄ | ခိုင်ရွှေရတနာ ဆန်စက် | ရွာခိုင်ကျေးရွာအုပ်စု၊ သူဌေးကျွန်းရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃၉၅ | ဒေါ်ပို့ပို့ (ခ) ဒေါ်ပို ဆန်စက် လုပ်ငန်း | ဒဂုံ-မန်းလမ်း၊ ကတုတ်ဘုရားကြီး၊ ဒိုက်ဦးမြို့နယ်၊ |
| ပဲခူးတိုင်းဒေသကြီး | | |
| ၃၉၆ | So Pyay သောက်ရေသန့် | ဆအ- ၆၊ အင်္ဂျီတန်းရပ်၊ ဆင်စွယ်ပွတ်တိုက်နယ်၊ အမရပူရမြို့ |
| ၃၉၇ | ဦးသန်းလင်း (လင်းရတနာငွေး) ဆန်စက် | ရပ်ကွက် (၁၁)၊ မုရစ်ကလေးကျေးရွာ၊ ချောင်းဆုံမြို့နယ် |
| ၃၉၈ | စိန်သူရဖူ ခေါက်ဆွဲစက် | ပါရမီရပ်၊ စစ်ကိုင်းမြို့ |
| ၃၉၉ | ဆွေမျိုး ဆန်စက်လုပ်ငန်း | ရွာတန်းရှည်ကျေးရွာ၊ လှိုင်ကော် မြို့၊ ကယားပြည်နယ် |
| ၄၀၀ | ထူးအောင်လျှံ ဆန်စက် | ရွှေဘိုရွာမကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း |
| ၄၀၁ | ဦးငွေးအောင် အောင်သရဖူဆန်စက် | ခရိုင်ချင်းဆက်လမ်း၊ ဆတ်သွားကျေးရွာ၊ တောင်တွင်းကြီးမြို့၊ |
| | | မကွေးတိုင်းဒေသကြီး |
| ၄၀၂ | အောင်ဇေယျာ ဆန်စက်လုပ်ငန်း | စိုင်နိုင်လေးကျေးရွာ၊ ဝက်လက်မြို့၊ ရွှေဘို |
| ၄၀၃ | ကိုပြားကြီး ဆန်စက် | ရန်ကုန်-ပြည်လမ်း၊ ကုန်းမြင့်ရွာ၊ ကြို့ပင်ကောက်မြို့၊ |
| | | သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၄၀၄ | ဦးဇော်မင်းထွေး ဆန်စက်လုပ်ငန်း | ချောင်းနက်ကျေးရွာ၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၀၅ | အောင်တံခွန် ဆန်စက် | မြို့သစ်၊ ရပ်ကွက်(၁)၊ စဉ့်ကူးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၄၀၆ | A K T သောက်ရေသန့်လုပ်ငန်း | အမှတ်(၁၀၀)၊ ခိုင်နှင်းဆီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မအူပင်မြို့၊ |
| | | ဧရာဝတီတိုင်းဒေသကြီး |
| ၄၀၇ | အောင်ဇေယျာ(၂) ငါးပုံဆန်စက်လုပ်ငန်း | မုံရွာစက်မှုဇုန်ခွဲ၊ ရွှေဘို |
| ၄၀၈ | မိဘဂုဏ်ရောင် ဆီစက် | ပြည်တော်သာရပ်၊ ရန်- ပြည်-မန်းလမ်း |
| ၄၀၉ | ငွေဇင်ဝင်း ဆန်စက် | ဇီးကုန်လေးကျေးရွာ၊ ရွှေဘိုမြို့ |
| ၄၁၀ | လူထုမေတ္တာ ခေတ်မီ ဆန်စက် | မြို့မ (၄)၊ ရွှေဘုန်းရှိန်လမ်း၊ သဲကုန်းမြို့ |
| ၄၁၁ | ဆန်းလှယဉ် ဆန်စက် | ကျားရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁၂ | ကောင်းဆက်ဟိဏ်း ဆီစက် | သနပွင်လမ်း၊ ကမာနတမ်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၁၃ | အောင်သိဒ္ဓိ ဆားကြိတ်စက် | သစ်ညိုကုန်းရပ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁၄ | ဦးအောင်ပိုင် ဆန်စက်လုပ်ငန်း | အုန်းတောရပ်ကွက်၊ အပိုင်း(၅)၊ အောင်မင်္ဂလာလမ်း၊ |
| | | တောင်တွင်းကြီးမြို့ |
| ၄၁၅ | Golden Smile သောက်ရေသန့် | အမှတ် (၁၈၀)၊ ကြေးဘုရားကြီးလမ်း၊ မြေဝတီရပ်၊ စစ်ကိုင်းမြို့၊ |
| | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁၆ | စိန် မုန့်တီခြောက်လုပ်ငန်း | ကူတောပလ္လင်ကျေးရွာ၊ မုံရွာမြို့နယ် |
| ၄၁၇ | ဆွေသဟာ ဆန်စက် | မဲဇလီကျေးရွာ၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း |
| ၄၁၈ | ကောင်းကျော် ဆန်စက် | ကံကုန်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် |
| ၄၁၉ | ဦးစန်းလွင် (နေလှန်းဆားကြမ်း | ရွှေထီးကျေးရွာ၊ ဒေးဒလူးကွင်း၊ ဒေးဒလူးကျေးရွာအုပ်စု၊ ဖျာပုံ |
| | ထုတ်လုပ်ရောင်းဝယ်ရေး) | |
| ၄၂၀ | ပန်းနုရောင် ဆီစက် | သမ္မစိတ္တလမ်း၊ စက်မှုဇုန်၊ မုံရွာမြို့ |
| ၄၂၁ | "ရွာသာယာ" စိုက်ပျိုးရေးနှင့် | ကမ်းနီးကျေးရွာ၊ ပုသိမ်မြို့ |
| | စားသောက်ကုန်ထုတ်လုပ်ရောင်းဝယ်ရေး | |
| ၄၂၂ | ဦးနိုင်သူအောင် ဆားထုတ်လုပ်ရေးလုပ်ငန်း | ပျဉ်ထောင်ကွင်းကျေးရွာ၊ သပြေကုန်းအုပ်စု၊ လပွတ္တာမြို့နယ်၊ |
| | | ဧရာဝတီတိုင်းဒေသကြီး |
| ၄၂၃ | ရွှေသရဖူ ဆန်စက် | အမှတ်(ဘီ-၃၅) ရွှေသရဖူလမ်းနှင့် အောင်စည်ဟိန်းလမ်းထောင့်၊ |
| | | မုံရွာစက်မှုဇုန် |
| ၄၂၄ | ကေရာဇ် ဆန်စက် | ရွှေဘိုစက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၄၂၅ | သီတာအေး ဆန်စက် | ကျုံတနီးကျေးရွာ၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၂၆ | ဒေါ်လှခင် (နေလှန်းဆားကြမ်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| | ထုတ်လုပ်ရေးလုပ်ငန်း) | |
| ၄၂၇ | ငွေလမင်း ဆားကြိတ်စက် | အမှတ်(၁၁၇)၊ ကမ်းနားလမ်း၊ သစ်ညိုကုန်၊ ပုသိမ်မြို့၊ |
| | | ဧရာဝတီတိုင်းဒေသကြီး |
| ၄၂၈ | ကိုပြားကြီး ကုလားပဲခွဲစက် | စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နီလာရပ်၊ ပတ္တမြားစက်မှုဇုန် |
| ၄၂၉ | သက်ကို ဆန်စက် | ပန်းတင်(၂)လမ်း၊ ပန်းတင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့ |
| ၄၃၀ | ဇေယျာလင်း(ကြက်၊ ဝက်မွေးမြူရေး | (၁၅) လမ်း၊ မင်းကွက် (၂) ရပ်ကွက်၊ ပေါင်းတည်မြို့၊ |
| | လုပ်ငန်း) | ပဲခူးတိုင်းဒေသကြီး |
| ၄၃၁ | ကိုပြည့် စက်ပြင်သင်တန်းနှင့် | အမှတ်(၃၃၈)၊ ချဉ်စုအထပ်သားလမ်း၊ ဥသျှောင်မြို့သစ်ရပ်ကွက်ကြီး |
| | အထည်ချုပ်လုပ်ငန်း | (၈)၊ ပဲခူးမြို့ |
| ၄၃၂ | ဦးမိုးကျော် ဝက်မွေးမြူရေးလုပ်ငန်း | ရုံးလမ်း၊ အမှတ် (၁) ရပ်ကွက်၊ ဇီးကုန်းမြို့၊ သာယာဝတီခရိုင် |
| ၄၃၃ | ဇမ္ဗူအောင် ဆန်စက် | စိုင်နိုင်ကြီးကျေးရွာ၊ ဝက်လက်မြို့နယ် |
| ၄၃၄ | ခမ်းစံ ပဲဆီ၊ နှမ်းဆီ လုပ်ငန်း | လမ်းမတော်၊ ရပ်ကွက် (၄)၊ ပင်လုံမြို့ |
| ၄၃၅ | သီရိရတနာ ဆန်စက် | အမှတ် (၂) ရပ်ကွက်၊ စိုင်ပြင်မြို့၊ ဒီပဲယင်းမြို့နယ်၊ ရွှေဘိုခရိုင် |
| ၄၃၆ | ရွှေနဂါး ဆန်စက်လုပ်ငန်း | ဇေယျာသီရိလမ်း၊ ထန်ကုန်းရပ်ကွက်၊ ဖြူးမြို့နယ် |
| ၄၃၇ | ရွှေပြည်ကျော် ဆန်စက် | မနောသုခလမ်း၊ (၇) ရပ်ကွက်၊ ချီပါစု၊ စက်မှုဇုန်၊ ရွှေဘို |
| ၄၃၈ | ဝေဝေလျှံ (၂) ဆန်စက် | ရွာသစ်ကျေးရွာအုပ်စု၊ ဘိုကလေးမြို့နယ် |
| ၄၃၉ | အောင်စံပယ် ကြက်သွန် | သဲကုန်းရွာ၊ မိတ္ထီလာမြို့ |
| | ထုတ်လုပ်ရေးလုပ်ငန်း | |
| ၄၄၀ | ရွှေသပြေညို အဆင့်မြင့် ဆန်ရွေးစက် | ဘီ-၄ (၂)၊ ၈၃ စက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၄၄၁ | ရောကျော် ဆန်စက် | ရေကြည်ကျေးရွာ၊ အုတ်ဖိုအုပ်စု၊ ကန့်ဘလူမြို့ |
| ၄၄၂ | ဝါဝါဝင်း ဆန်စက် | မြို့ကုန်းရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄၃ | ကမ္ဘေ့စိုး ဆန်စက်/ ဆီစက်လုပ်ငန်း | သစ်ရာမြိုင်ရပ်ကွက်၊ ကျွန်းလှမြို့၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းတိုင်း |
| ၄၄၄ | ရွှေပြည်တန် ဆန်စက် | ချီပါ (မ) ရွာ၊ ရွှေဘိုမြို့ |
| ၄၄၅ | စပါယ် အမှုန့်ကြိတ်စက်လုပ်ငန်း | အဝေရာလမ်း၊ အမှတ် (၂) ရပ်ကွက်၊ ကျောင်းကုန်းမြို့ |
| ၄၄၆ | ပစ်တိုင်းထောင် ဆန်စက်လုပ်ငန်း | စံပြကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၄၄၇ | ဘောဂထွန်း ဆန်စက်နှင့် ဆန်ထွက်ပစ္စည်း၊ | အမှတ်၂၅၊ညောင်ပင်သာအနောက်ရပ်ကွက်၊ကျောက်ကြီးမြို့နယ် |
| | ပဲမျိုးစုံရောင်းဝယ်ရေး | |
| ၄၄၈ | ဦးမျိုးဝင်း (မိဘရိပ်ဆန်စက်) | ရွှေကြာပင်ကျေးရွာ၊ နတ်တလင်းမြို့နယ် |
| ၄၄၉ | ထွန်းရတနာ ဆန်စက် | ဦးဒေါင်းစုကျေးရွာ၊ ကတုတ်ရွာမကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ် |
| ၄၅၀ | စိန်ပန်းမြိုင် ဆန်စက်လုပ်ငန်း | ရုံးကျေးရွာ၊ ပဒါကျေးရွာအုပ်စု၊ တောင်ကုတ်မြို့ |
| ၄၅၁ | ဝါဝါဝင်း ဆန်စက် နှင့် ပွဲရုံလုပ်ငန်း | အမှတ် (၃) ရပ်ကွက်၊ လမ်းမတော်လမ်း၊ မင်းလှမြို့၊ |
| | | ပဲခူးတိုင်းဒေသကြီး |
| ၄၅၂ | ကယားရတနာ ဆန်စက်လုပ်ငန်း | ဆောခီဒေါကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ် |

*ဆက်လက်ဖော်ပြပါမည်*

# သတင်းသမားတစ်ဦး၏ ဘဝပုံရိပ်လွှာ စာအုပ်ထွက်ရှိ




**ရန်ကုန် အောက်တိုဘာ ၁၉**

စာရေးသူ ရဲမြင့်ဖေ မြန်မာ့အလင်း အယ်ဒီတာချုပ်(ငြိမ်း)ရေးသားပြုစုသည့် "သတင်းသမားတစ်ဦး၏ ဘဝပုံရိပ်လွှာ" စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် သတင်းစာလောက၌ စတင်ခြေချမိခြင်း၊ သတင်းသမားဘဝ ဖြတ်သန်းခဲ့ရခြင်း ပုံရိပ်၊ သတင်းစာနှင့် ကျေးဇူးတရား၊ ကော်လံစာသတင်း ထောက်ဟူသည်၊ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနှင့် ဆရာဟံသာဝတီ ဦးဝင်းတင် စသဖြင့် မာတိကာအလိုက် ရေးသားဖော်ပြထားသည်။

စာရေးသူ၏ သတင်းသမားတစ်ဦး ဖြတ်သန်းခဲ့သော ခေတ်ပြိုင်ကာလက ခေတ်စနစ်များ၊ ခေတ်ပြိုင်သမိုင်းကောက်ကြောင်းများ၊ မြန်မာ့သတင်းစာလောက၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များကိုပါ ဖတ်ရှုကြရမည်ဖြစ်ပြီး သတင်းမီဒီယာလောကကို စိတ်ဝင်စားသူ စာဖတ်ပရိသတ်များ၊ သုတေသီများ၊ သတင်းမီဒီယာလောက၏ မျိုးဆက်သစ်များအတွက် ဖတ်ရှုလေ့လာသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ကိုလတ်စာပေ အမှတ် ၂၀၀၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉၅၀၂၀၀၆၈)က တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိနေပြီဖြစ်သည်။

**သတင်းစဉ်**

# တရုတ်အမျိုးသားနေ့ပွဲတော်ရက် ပြီးဆုံးသွားသော်လည်း နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု ယခင်ထက် ကြန့်ကြာမှုဖြစ်နေ

**မူဆယ် အောက်တိုဘာ ၁၉**

တရုတ်-မြန်မာနယ်စပ် မူဆယ်ဒေသသည် တရုတ်နိုင်ငံဘက်မှ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများ၊ နယ်စပ်ဂိတ် ဖြတ်ကျော် မှုစနစ်များ၊ ကုန်တင်ယာဉ်အဝင်အထွက်စနစ်များကို အမျိုးမျိုးပြုပြင်ပြောင်းလဲ ကန့်သတ်ပိတ်ပင် တားဆီးမှုများကြောင့် နှစ်နိုင်ငံ ကုန်တင်ယာဉ်များအနေဖြင့် အခက်အခဲဖြစ်ပေါ်ပြီး ကုန်စည်စီးဆင်းမှု နှေးကွေးလျက်ရှိသည်။

တရုတ်-မြန်မာ ကုန်သွယ်စီးဆင်းမှုသည် တရုတ်အမျိုးသားနေ့နှင့် ရိုးရာမုန့်စားပွဲတော်ရက် မကျင်းပမီက နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ် တစ်ရက်လျှင် အစီးရေ ၅၀၀ ထက်မနည်းဝင်ထွက်သွားလာနေရာမှ အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ တရုတ်အစိုးရက ရိုးရာပွဲတော်ရက်ကို ကျင်းပနိုင်ရေးအတွက် နယ်စပ်ဂိတ် ကုန်တင်ယာဉ်များ အဝင်အထွက်ကို ခေတ္တပိတ်ထားသည်။

သို့သော် တရုတ်အမျိုးသားနေ့နှင့် မုန့်စားပွဲတော်ရက် ပြီးဆုံးသွားသည့်နောက်ပိုင်း နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှု ပုံမှန်အတိုင်း ပြန်လည်စီးဆင်းနေသော်လည်း တရုတ်နိုင်ငံဘက်မှ ဂိတ်အဝင်အထွက်နှင့် ယာဉ်မောင်း အချိန်းအပြောင်းများတိုင်း ငွေတိုးကောက်ခံမှုတွေကို အမျိုးမျိုး ပြောင်းလဲနေသောကြောင့် ကုန်တင်ယာဉ် အဝင်အထွက်မှာ တစ်ရက်လျှင် အစီးရေ ၁၀၀ ကျော်သာ ဝင်ထွက်သွားလာနိုင်ကြောင်း သိရသည်၊

"အရင်အခြေအနေနဲ့ အခုအခြေအနေ ကုန်တင်ယာဉ်ပြေးဆွဲမှုက အလွန်ကို ကွာခြားသွားပြီ။ အခုဆိုရင် ကုန်တင်ကားမောင်းသူတွေ၊ ယာဉ်နောက်လိုက်တွေ၊ အတော်များများ အခက်အခဲတွေ ရှိနေကြတယ်။ ကျွန်တော်တို့ ကားမောင်းသူတွေအနေနဲ့ ဟိုဘက်ကို မောင်းယူသွားတဲ့ ကိုယ့်ရဲ့ ကား ပြန်ရောက်မလာမချင်း ကြုံသလိုအိပ်၊ ကြုံသလို စားပြီး စောင့်ဆိုင်းနေရတယ်။ ပြီးတော့အရင်ကဆိုရင် တရုတ်ထဲကို မောင်းနှင်ယူသွားတာ အများဆုံး ခုနစ်ရက်လောက်ပဲ ကြာပါတယ်။ အခုဆိုရင် ၁၅ ရက်လောက်ကြာမှ ပြန်ထွက်လာရတယ်"ဟု ကုန်တင်ယာဉ်မောင်းများ အခက်အခဲကို မန္တလေး - မူဆယ် ပြေးဆွဲနေသည့် ကုန်တင်ယာဉ်မောင်း ဦးအောင်စိုးက ပြောသည်။

တရုတ် အမျိုးသားနေ့နှင့် မုန့်စားပွဲတော်ရက် ပြီးဆုံးသွားသည့်နောက်ပိုင်း မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်းသို့ တရုတ်သွားမည့် ပို့ကုန်ယာဉ်များသာ အဝင်များနေသည်ကို တွေ့ရပြီး မြန်မာဘက်ခြမ်းသို့ သွင်းကုန်ယာဉ်ဝင်ရောက်မှုက ယခင်ထက်လျော့နည်းနေသေးကြောင်းနှင့် အောက်တိုဘာ ၁၆ ရက်က ပို့ကုန်ယာဉ်ကြီး ၃၄၄ စီး၊ ဒေသသုံးယာဉ် ၂၁ စီး နှင့် ဖရဲ ၂၈ စီးဝင်ရောက်ခဲ့ပြီး သွင်းကုန်ယာဉ်ကြီး ၁၂၁ စီး၊ ယာဉ်ငယ် တစ်စီး၊ ဒေသသုံး ၁၁ စီး ဝင်ရောက်ခဲ့ပြီး ပို့ကုန်/သွင်းကုန်ယာဉ် နှစ်ခုပေါင်း ကုန်တင်ကား အစီးရေ ၄၉၈ စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၄၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၃ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၈ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၃ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၁ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၂၈ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၆၃၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၂ . ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၄၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၀၀၀ | ၂၂၇ | ၂၂၄၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၅၂၃၅ | ၁၉၁၁၉၄၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄၅ | ၃၆၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၈၈၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၈၁၀ | ၄၉၇၇၈၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂၃၈ | ၇၃၇၈၀၀ |

ခင်ရတနာ - စုစည်းသည်

# နိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်သူ့အကျိုးပြု ပညာရေးဆိုင်ရာ မှတ်တိုင်များ

## အပိုင်း(၁) အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ

*ယမန်နေ့မှအဆက်*

**အခမဲ့ အခြေခံပညာရေးနှင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုများ**

ကျောင်းနေအရွယ် ကလေးတိုင်း အခြေခံပညာကို လက်လှမ်းမီ သင်ယူခွင့်ရရှိစေရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး အခွင့်အလမ်းများ တိုးတက်ရရှိစေရန် နှစ်စဉ် မေလနောက်ဆုံးပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ် (Enrolment Week) အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

အခမဲ့ အခြေခံပညာရေးတွင် ကျောင်းသား ကျောင်းသူများအားလုံးကို ကျောင်းလခ၊ မိဘဆရာ အသင်းကြေး၊ အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး အပါအဝင် အခြားအခကြေးငွေများ ကင်းလွတ်ခွင့်ပေးခြင်းနှင့် နယ်မြေအလိုက် သတ်မှတ်ထားသော ကျောင်းများတွင်သာ ကျောင်းအပ်နှံခွင့်ပြုခြင်းနှင့် ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များ၊ မိဘအုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်များဖြင့် အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ် တစ်ဒါဇင်ကို လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုလည်းကောင်း အခမဲ့ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် နှစ်စဉ်ပံ့ပိုးမှု များအပြင် Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအရ အခြေခံ ပညာ (မူ၊ လယ်၊ ထက်) ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် တစ်ဒါဇင်စီအပြင် မူလတန်းဆင့်တွင် ခဲတံလေးချောင်း၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ခဲတံနှစ်ချောင်း၊ ဘောပင် နှစ်ချောင်းစီကိုလည်းကောင်း ထပ်မံပံ့ပိုးပေးနိုင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့် Covid-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်စဇွန်လတွင် ပုံမှန်ကျောင်းဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ဘဲ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်စံများနှင့်ကိုက်ညီသည့် အခြေခံပညာအထက်တန်းကျောင်း ၆၅၂၆ ကျောင်းကိုသာ ဇူလိုင်လတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အထက်တန်းကျောင်းသား ကျောင်းသူ ၁၁၇၈၄၄၆ ဦးအား ၂၂-၇-၂၀၂၀ ရက်နေ့မှ ၂၆-၈-၂၀၂၀ ရက်နေ့အထိ ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

အဆိုပါကျောင်းများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံဘေးကင်းနိုင်စေရန်အတွက် စုစုပေါင်း ငွေကျပ်သန်း ၁၆၇၅၂ ဒသမ ၆၄၇၁၈၀ တန်ဖိုးရှိ Mask၊ Face Shield၊ Infrared Thermometer၊ ဘေစင်၊ ခြေနင်းအမှိုက်ပုံး၊ ဆီးသွားခန်း၊ ပိုးသတ်ဆေးဖျန်းပုံး၊ လက်သန့်ဆေးဘူး၊ Ethyl Alcohol ၊ Sodium Hydrochloride နှင့် Hand Speaker များကို ထောက်ပံ့ပေးခဲ့ပါသည်။

**ဆရာ ဆရာမများ ဖြည့်ဆည်းခန့်ထားပေးနိုင်မှု**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ ကျောင်းများ တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသားဦးရေ တိုးတက်လာမှုကြောင့် ဆရာ ဆရာမ အင်အားကို သင်တန်းဆင်း ဆရာ ဆရာမများ အသစ်ခန့်ထားခြင်း၊ သတ်မှတ်အရည်အချင်းပြည့်မီသည့် ဆရာ ဆရာမများအား ရာထူးတိုးမြှင့်ပေးခြင်းတို့ဖြင့် အောက်ပါအတိုင်း ဖြည့်ဆည်းခန့်ထားနိုင်ခဲ့ပါသည်-

| စဉ် | ပညာသင်နှစ် | အထက်တန်းပြ ခန့်ထားမှု | | အလယ်တန်းပြ ခန့်ထားမှု | မူလတန်းပြ ခန့်ထားမှု | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | B.Ed(၅)နှစ် သင်တန်းဆင်း | ဖွံ့ဖြိုးရေးတက္ကသိုလ် B.Ed(၅)နှစ် သင်တန်းဆင်း | PGDMA သင်တန်းဆင်း | DTEd သင်တန်းဆင်း | PPTT သင်တန်းဆင်း | |
| ၁ | ၂၀၁၅-၁၆ | ၄၇၀ | - | ၃၁၀ | ၃၇၃၅ | ၉၁၇၂ | ၁၃၆၈၇ |
| ၂ | ၂၀၁၆-၁၇ | ၉၅၂ | ၂၁၆ | ၃၀၉ | ၄၄၃၆ | ၅၅၁၇ | ၁၁၄၃၀ |
| ၃ | ၂၀၁၇-၁၈ | ၁၂၂၁ | ၁၆၃ | ၃၈၃ | ၅၁၅၈ | ၅၅၇၄ | ၁၂၄၉၉ |
| ၄ | ၂၀၁၈-၁၉ | ၁၁၃၈ | ၂၆၅ | ၄၂၅ | ၅၃၅၅ | ၇၀၁၈ | ၁၄၂၀၁ |
| ၅ | ၂၀၁၉-၂၀ | ၁၁၈၃ | - | - | ၆၂၉၁ | ၉၉၆၉ | ၁၇၄၄၃ |
| | စုစုပေါင်း | ၄၉၆၄ | ၆၄၄ | ၁၄၂၇ | ၂၄၉၇၅ | ၃၇၂၅၀ | ၆၉၂၆၀ |

| စဉ် | ပညာသင်နှစ် | ထက်ပြ ရာထူးတိုး | မူပြ/ မူပြ (မဟာ)မှ လယ်ပြရာထူးတိုး |
|---|---|---|---|
| ၁ | ၂၀၁၇-၁၈ | ၁၂၅၅ | ၇၄၃၇ |
| ၂ | ၂၀၁၈-၁၉ | ၃၁၈၄ | ၁၁၆၂၀ |
| ၃ | ၂၀၁၉-၂၀ | ၉၀၃ | ၉၆၇၇ |
| | စုစုပေါင်း | ၅၃၄၂ | ၂၈၇၃၄ |




အခြေခံပညာဆရာ ဆရာမများအား သတ်မှတ်အရည်အချင်းပြည့်မီပါက ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ အသစ်ထပ်မံခန့်ထားခြင်းတို့ကြောင့် ဆရာဦးရေ တိုးတက်လာခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၂၀-၂၁ ပညာသင်နှစ်အတွင်း ဆရာ ဆရာမများ၏ လစာမှာ ငွေကျပ် ၅၇၀၅၂၈၁ သန်းအထိ အသုံးပြုခဲ့ပါသည်။

**တိုင်းရင်းသားဘာသာစကား ၆၇ မျိုးနှင့် တိုင်းရင်းသားဆရာ ဆရာမများ ဖြည့်ဆည်း ခန့်ထားပေးနိုင်မှု**

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းများ ပြုစုပြီး ၂၀၁၆ ခုနှစ်မှစ၍ အခြေခံပညာကျောင်းများတွင် Grade 1 ၊ Grade 2 ၊ Grade 3 မူလတန်း တိုင်းရင်းသားကလေးငယ်များကို သင်ကြားပေးလျက် ရှိပါသည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် တိုင်းရင်းသား စာပေ ၄၃ မျိုးကို သင်ကြားပေးနိုင်ခဲ့ရာမှ ၂၀၁၉-၂၀ ပညာသင်နှစ်တွင် ဘာသာစကား ၆၇ မျိုးကို ကျောင်းသား ၈ သိန်းကျော်မှ လေ့လာသင်ယူနိုင်ခဲ့ပါသည်။ ၂၀၁၇-၁၈ ပညာသင်နှစ်မှ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၃၃၁၀၀ တွင် ဆရာဦးရေ Teaching Assistant ၁၁၂၉၈ ဦး၊ Language Teacher ၁၄၇၈၆ ဦးကို ခန့်ထားပေးခဲ့ပါသည်။

အခမဲ့ဖြန့်ဝေသော တိုင်းရင်းသားဘာသာ သင်ရိုးစာအုပ်များ



ထို့ပြင် တိုင်းရင်းသားဘာသာစကားများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ကချင်၊ ကယား၊ ကရင် (စကော)၊ ချင်း (ဖလမ်း)၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား-မြန်မာ အဘိဓာန်များကို လည်းကောင်း၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကချင်(လော်ဝေါ်)၊ ကရင်၊ ချင်း(ချိုး)၊ မွန်၊ ရှမ်းတိုင်းရင်းသား-မြန်မာ အဘိဓာန်များကိုလည်းကောင်း ထုတ်ဝေနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်း သင်ကြားရေး အထောက်အကူပြု ဂျိန်းဖော၊ ကယား၊ စကောကရင်၊ ချင်း (ဖလမ်း)၊ မွန်၊ ရခိုင်၊ ရှမ်း ဘာသာစကားများဖြင့် အင်္ဂလိပ်-မြန်မာ-တိုင်းရင်းသား ပုံပြအဘိဓာန်နှင့် ဝေါဟာရကားချပ်များ ဂျိန်းဖော၊ လော်ဝေါ်၊ ကယား၊ ပိုးကရင်၊ ချင်း(ဟားခါး)၊ ချင်း(ဖလမ်း)၊ မွန်၊ ရှမ်း ဘာသာစကားများဖြင့် Grade 1 ၊ Grade 2 နှင့် Grade 3 မြန်မာ-တိုင်းရင်းသား- အင်္ဂလိပ် သုံးဘာသာ ပုံပြအဘိဓာန်နှင့် သုံး ဘာသာဝေါဟာရကားချပ်တို့ကို တိုင်းရင်သားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ပူးပေါင်းထုတ်ဝေခဲ့ပါသည်။

တိုင်းရင်းသား-မြန်မာ အဘိဓာန်များ



ပုံပြအဘိဓာန်များ



စိတ်စွမ်းအားဖြည့်နှလုံးသား အာဟာရစာစုများ (မူ၊ လယ်၊ ထက်အဆင့်) စာအုပ်များ ပြုစု၍ အခြေခံပညာကျောင်းများသို့ အခမဲ့ ဖြန့်ဝေခဲ့ပါသည်။ တိုင်းရင်းသားဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် Grade 1၊ Grade 2 နှင့် Grade3 မြန်မာစာဖတ်စာအုပ် သင်ထောက်ကူ အသံထွက်တို့ကို Software များ ရေးသား၍ အခမဲ့ဖြန့်ဝေခဲ့ပါသည်။







**ပညာရေးအဆင့်အလိုက် အောင်မြင်သူ/ ပြီးမြောက်သူဦးရေ တိုးတက်လာခြင်း**

၂၀၁၉-၂၀ ပညာသင်နှစ်တွင် Grade 5 မူလတန်းပြီးသည့် ဦးရေကို ၂၀၁၅-၁၆ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၅၄၆၆၃ ဦး ပိုမို၍ မူလတန်းပြီးလာပြီး Grade 9 အောင်မြင်သော အလယ်တန်းပြီးသည့် ကျောင်းသားဦးရေသည် ၂၀၁၅-၁၆ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၅၇၄၂၆ ဦး တိုးတက်လာခဲ့ပါသည်။ ၂၀၂၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အောင်မြင်သူ ၂၉၁၇၉၈ ဦးရှိသည့်အတွက် စုစုပေါင်း အောင်မြင်သူ ၁ သိန်းကျော် တိုးတက်လာခဲ့ပါသည်။ ပညာသင်နှစ်အလိုက် အောက်ပါအတိုင်း တိုးတက်လာခဲ့ပါသည်-

**အခြေခံပညာမူလတန်းဆင့် Grade-5 တွင် အဆင့်အလိုက် ဖြေဆို/အောင်မြင်သူစာရင်း**

| ပညာသင်နှစ် | ဖြေဆိုသူ | အောင်မြင်သူ | အဆင့်လိုက်ရရှိသည့်ဦးရေ | | | |
|---|---|---|---|---|---|---|
| | | | A | B | C | D |
| ၂၀၁၅-၁၆ | ၈၆၂၈၂၃ | ၈၂၆၄၁၂ | ၁၄၈၉၃၁ | ၃၄၉၆၇၉ | ၃၂၇၈၀၂ | ၃၆၄၁၁ |
| ၂၀၁၆-၁၇ | ၉၂၅၀၁၄ | ၉၂၂၂၉၀ | ၁၉၈၀၅၅ | ၃၆၈၂၂၅ | ၃၅၆၀၁၀ | ၂၇၂၄ |
| ၂၀၁၇-၁၈ | ၉၂၀၆၂၁ | ၉၂၀၄၂၉ | ၁၈၇၀၃၈ | ၃၅၃၅၁၄ | ၃၇၉၈၇၇ | ၁၉၂ |
| ၂၀၁၈-၁၉ | ၉၄၁၆၆၇ | ၉၄၁၅၉၀ | ၁၈၉၆၂၈ | ၃၃၄၀၈၅ | ၄၁၇၈၇၇ | ၇၇ |
| ၂၀၁၉-၂၀ | ၉၈၁၁၀၅ | ၉၈၁၀၇၅ | ၁၈၉၉၀၇ | ၃၂၃၃၂၀ | ၄၆၇၈၄၈ | ၃၀ |

**အခြေခံပညာအလယ်တန်းအဆင့် Grade-9 အဆင့်အလိုက် ဖြေဆို/အောင်မြင်သူစာရင်း**

| ပညာသင်နှစ် | ဖြေဆိုသူ | အောင်မြင်သူ | အဆင့်လိုက်ရရှိသည့်ဦးရေ | | | |
|---|---|---|---|---|---|---|
| | | | A | B | C | D |
| ၂၀၁၅-၁၆ | ၅၆၅၁၇၂ | ၅၃၀၉၈၃ | ၄၀၁၇၇ | ၁၇၄၀၁၄ | ၃၁၆၇၉၂ | ၃၄၁၈၆ |
| ၂၀၁၆-၁၇ | ၆၂၇၆၁၂ | ၆၂၅၇၄၃ | ၄၃၄၀၂ | ၁၇၆၈၁၁ | ၄၀၅၅၃၀ | ၁၈၆၉ |
| ၂၀၁၇-၁၈ | ၆၆၃၈၆၅ | ၆၆၁၈၇၇ | ၆၂၂၉၂ | ၁၉၄၅၉၂ | ၄၀၄၉၉၄ | ၁၉၈၇ |
| ၂၀၁၈-၁၉ | ၆၇၃၆၄၁ | ၆၇၃၅၄၁ | ၆၂၂၂၀ | ၁၉၃၅၉၁ | ၄၁၇၇၃၀ | ၁၀၀ |
| ၂၀၁၉-၂၀ | ၆၈၈၄၇၃ | ၆၈၈၄၀၉ | ၆၇၆၃၇ | ၂၀၄၈၂၀ | ၄၁၅၉၉၅ | ၅၈ |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ




၂၀၂၀-၂၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း ပညာသင်ကြားနေမှု အခြေအနေ။



၂၀၂၀-၂၁ ပညာသင်နှစ် နေပြည်တော်တွင် အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားရှိမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ လှည့်လည်စစ်ဆေးစဉ်။

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) |
| သဘာဝဘေးအန္တရာယ် | ၁ | ၄၆.၈၀ | ၁၃ | ၉၀၆.၀၀ | | | ၃၅ | ၂၄၈၂.၅၆ | ၅၃ | ၂၇၁၆.၉၄ |
| အန္တရာယ်ရှိကျောင်းဆောင် | ၉၇၈ | ၄၅၅၉၂.၀၄ | ၁၈၅၇ | ၉၆၀၆၂.၅၃ | ၂၆၃၃ | ၁၄၀၅၆၄.၅၀ | ၂၅၄၁ | ၁၄၂၂၆၄.၂၇ | ၃၅၃၉ | ၁၅၇၄၇၁.၉၉ |
| ဥပမိရှပ်မကောင်းအဆောင် | ၇၄၄ | ၂၃၁၅၇.၆၀ | | | | | ၁ | ၃၃.၃၀ | ၁၈၃ | ၇၄၅၉.၄၉ |
| ကျောင်းသားဦးရေအရတိုးချဲ့ဆောက်လုပ်ခြင်း | ၁၂၈၁ | ၇၅၃၅၈.၅၆ | ၄၂၆ | ၂၆၈၄၃.၂၁ | ၂၂၇၀ | ၁၄၀၈၆၅.၉၃ | ၂၁၆၆ | ၁၇၀၇၆၇.၄၄ | ၂၂၀၈ | ၁၀၂၄၁၈.၈၇ |
| သိပ္ပံဆောင်/အခြား | ၁၆၆ | ၅၅၄၅.၅၀ | ၈၇ | ၁၉၃၉.၄၀ | ၁၆ | ၁၁၅၁.၂၂ | ၁၃၉ | ၆၅၂၅.၀၈ | ၁၁၃၇ | ၉၇၄၄.၉၉ |
| မြို့နယ်ရုံး/ခရိုင်ရုံး/ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း | ၉၃ | ၁၃၂၅၄.၇၅ | ၂၇၅ | ၁၁၃၇၉.၂၈ | ၂၂၁ | ၁၁၇၀၆.၁၁ | ၅၁၇ | ၂၉၀၃၆.၅၆ | ၇၉၆ | ၂၉၆၂၅.၈၇ |
| စုစုပေါင်း | ၃၂၆၃ | ၁၆၂၉၅၅.၂၅ | ၂၆၅၈ | ၁၃၇၁၃၀.၄၂ | ၅၁၄၀ | ၂၉၄၂၈၇.၇၆ | ၅၃၉၉ | ၃၅၁၁၀၉.၂၂ | ၇၉၁၆ | ၃၀၉၄၃၈.၁၄ |





**တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆို/အောင်မြင်သူစာရင်း**

| ပညာသင်နှစ် | ဖြေဆို | အောင်မြင် | ရာနှုန်း | ဂုဏ်ထူးရရှိမှု ၆ | ၅ | ၄ | ၃ | ၂ | ၁ |
|---|---|---|---|---|---|---|---|---|---|
| ၂၀၁၅-၁၆ | ၆၃၆၂၃၇ | ၁၉၀၃၉၀ | ၂၉.၉၂ | ၈၈၂ | ၁၇၈၂ | ၃၀၄၇ | ၄၄၈၂ | ၇၀၃၁ | ၂၇၉၈၈ |
| ၂၀၁၆-၁၇ | ၇၁၆၁၈၈ | ၂၄၂၇၃၆ | ၃၃.၈၉ | ၈၀၉ | ၁၈၇၄ | ၃၆၇၆ | ၅၃၆၆ | ၈၈၅၉ | ၃၆၁၄၃ |
| ၂၀၁၇-၁၈ | ၇၈၉၈၄၅ | ၂၅၉၁၉၁ | ၃၂.၈၂ | ၇၁၆ | ၁၉၈၃ | ၃၈၉၀ | ၆၇၉၅ | ၁၂၀၅၄ | ၅၀၃၁၈ |
| ၂၀၁၈-၁၉ | ၈၅၁၅၂၄ | ၂၆၇၆၉၆ | ၃၁.၄၄ | ၅၃၇ | ၁၁၆၇ | ၁၇၂၈ | ၃၁၅၀ | ၇၁၃၄ | ၂၉၃၀၆ |
| ၂၀၁၉-၂၀ | ၉၁၀၂၂၉ | ၂၉၁၇၉၈ | ၃၂.၀၆ | ၇၉၇ | ၁၈၃၁ | ၂၉၇၆ | ၅၆၆၂ | ၁၂၉၅၇ | ၃၇၁၅၂ |

## အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်နိုင်မှု

ကျောင်းသား ကျောင်းသူများမှ အခြေခံပညာအထက်တန်းအဆင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ပညာ ဆက်လက်တက်ရောက်နိုင်ပြီး အခြေခံပညာအထက်တန်းအဆင့် ပြီးဆုံးအောင် သင်ယူလေ့လာခဲ့သော ကျောင်းသား ကျောင်းသူများအား အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် အထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်များကို ၂၀၁၉-၂၀ ပညာသင်နှစ်မှစ၍ ပေးအပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြီးမြောက်ကြောင်း လက်မှတ်ရရှိသည့် ကျောင်းသား ကျောင်းသူများသည် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် တက်ရောက်ပညာသင်ယူပြီး လိုက်လျောညီထွေရှိသည့် ကျွမ်းကျင်မှုများရရှိ၍ အလုပ်အကိုင်များ ရရှိနိုင်သည့်အတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်မှုတွင် အခြေခံပညာကျောင်းတွင်း ဖြေဆိုဦးရေ ၅၇၃၂၁၅ ဦးရှိသည့်အနက် ၁၆၁၅၅၅ ဦး အောင်မြင်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ တက္ကသိုလ်ဝင်အောင်ချက်အရ အခြေခံပညာရေးမှ အဆင့်မြင့်ပညာသို့ ကူးပြောင်းသင်ယူလေ့လာနိုင်သူမှာ အလွန်နည်းနေကြောင်း တွေ့ရှိရပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဒီပလိုမာများမှတစ်ဆင့် ဘွဲ့ဒီဂရီ တစ်ခုသို့ ရယူနိုင်စေရန် လေ့လာသင်ယူမှု ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းဖောက်သည့်အနေဖြင့် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်မှုလက်မှတ်ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။




၂၀၂၀ ပြည့်နှစ်တွင် အထက်တန်းဆင့် Grade-11 ကျောင်းတွင်း စာရင်းရှိ ကျောင်းသား စုစုပေါင်း ၅၈၉၇၈၅ ဦးရှိသည့် အနက် ၅၆၆၂၇၄ ဦးသည် စံသတ်မှတ်ချက် များနှင့် ကိုက်ညီသည့်အတွက် အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်မှု လက်မှတ်ရရှိ မည်ဖြစ်ပြီး ဘဝတစ်သက်တာ သင်ယူမှု အစီအစဉ်အရ အဆင့်မြင့်ပညာသို့ **ပေါင်းကူး သင်ယူခွင့်လမ်းကြောင်း (Path Way)** ကို လည်း ရနိုင်မည်ဖြစ်ပြီး နည်းပညာနှင့် သက်မွေးပညာ သင်တန်းများသို့ ဆက်လက် သင်ယူနိုင်မည့် အခွင့်အလမ်းရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့်အညီ **ကျောင်းဆောင်များကိုလည်း** သဘာဝဘေးအန္တရာယ်ကြောင့် ပြင်ဆင်ခြင်း၊ အန္တရာယ်ရှိကျောင်းဆောင်များနှင့် ဥပမိရှပ် မကောင်းသည့် ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ပေးရသည့် ကျောင်းဆောင်များ ဆောက်လုပ်ပေးခြင်း၊ သိပ္ပံဆောင်၊ စာကြည့်တိုက်၊ မြို့နယ်ရုံးများ၊ ခရိုင်ရုံးများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည် -




အခြေခံပညာကျောင်းများတွင် ကျောင်းသားဦးရေ တိုးတက်လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ကျောင်းဆောင်များ ပျက်စီးခြင်း၊ အန္တရာယ်ရှိသော ကျောင်းဆောင်များ၊ ဝန်ထမ်းအိမ်ရာ၊ စာကြည့်တိုက်နှင့် သိပ္ပံဆောင်စသည့် လိုအပ်နေသော ကျောင်းဆောင်များကို ဖြည့်ဆည်းပေးခဲ့ရာ ၂၀၁၁-၁၂ ပညာသင်နှစ်မှ ၂၀၁၅-၁၆ ပညာသင်နှစ်အတွင်း ငွေကျပ် ၄၀၄၉၁၆ သန်းကိုလည်းကောင်း၊ ၂၀၁၆-၁၇ ပညာသင် နှစ်မှ ၂၀၂၀-၂၁ ပညာသင်နှစ်အထိ ငွေကျပ် ၁၂၅၅၉၁၉ သန်းကို လည်းကောင်း တိုးမြှင့်သုံးစွဲခွင့်ပြုခဲ့ပါသည်။

ကျောင်းသား ကျောင်းသူများအတွက် ထပ်မံလိုအပ်သည့် စာသင်ခုံများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၁၁-၁၂ ပညာသင်နှစ်မှ ၂၀၁၅-၁၆ ပညာသင်နှစ်အတွင်း ငွေကျပ် ၁၇၂၂ သန်းကိုလည်းကောင်း၊ ၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၂၀-၂၁ ပညာ သင်နှစ်အထိ ငွေကျပ် ၈၂၂၆၈ သန်းကိုလည်းကောင်း တိုးမြှင့်သုံးစွဲခွင့်ပြုခဲ့ပါသည်။







အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမ များနှင့် ဝန်ထမ်းများအတွက် နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာများကို တည် ဆောက်ပေးခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၂၀-၂၁ ပညာသင်နှစ်အထိ ငွေကျပ် ၆၉၃၄၈ သန်း တန်ဖိုးရှိ အိမ်ရာများကို ဆောက်လုပ်ပေးခဲ့ပါသည်။

အခြေခံပညာကျောင်းများတွင် ကွန်ပျူတာ အသုံးပြုသင်ကြားနေသော ကျောင်းပေါင်း ၁၄၉၁ ကျောင်းရှိပြီး လိုအပ်သော ကွန်ပျူတာများကို ၂၀၁၆-၁၇ ပညာ သင်နှစ်မှ ၂၀၂၀-၂၁ ပညာသင်နှစ်အထိ ငွေကျပ် ၂၆၈၄၈ သန်း တန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းပေးခဲ့ပါသည်။ ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာအဆင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအကြား ပညာအရည်အသွေး မြင့်မားစေရေးနှင့် ခေတ်နှင့်လိုက်လျောညီထွေသည့် ပညာရေးအဆင့် မြင့်မားစေရေးအတွက် ကျောင်းတစ် ကျောင်းလျှင် တစ်လုံးနှုန်းဖြင့် ငွေကျပ် ၉၄၉၄ ဒသမ ၄ သန်း တန်ဖိုးရှိ Tablet ၄၇၄၇၂ လုံး ဖြည့်ဆည်းခဲ့ပါသည်။




စာမျက်နှာ ၂၃ သို့

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့

**ဆန်းမြင့် (စာရင်းအင်း)**

**ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၆၉/၂၈၂) အရ ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် အောက်တိုဘာလ ၂၀ ရက်နေ့ကို သတ်မှတ်ပြီး ၅ နှစ်တစ်ကြိမ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဗဟိုစာရင်းအင်းအဖွဲ့ကကြီးမှူး၍ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင်လည်းကောင်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။ ယခုနှစ် ကမ္ဘာ့စာရင်းအင်းနေ့အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံး စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပနေကျ ပုံစံအစား ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်သာ ကျင်းပမည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနားကို "Connecting The World With Data We Can Trust" "ဆန်းသစ်ယုံကြည် စာရင်းအင်း အချက်အလက် အခြေတည် ချိတ်ဆက်ဝေမည် ဖွံ့ဖြိုးတိုးတက် နိုင်ငံဆီ" ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။




ကမ္ဘာ့စာရင်းအင်းနေ့ ကျင်းပခြင်းဖြင့် အမျိုးသား စာရင်းအင်းစနစ် အားကောင်းလာပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းအချက်အလက်များ ထုတ်ပြန်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှုတိုးမြင့်လာစေရန်နှင့် ယုံကြည်စိတ်ချရသော အချက်အလက်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ချိတ်ဆက်မှုအားကောင်းလာစေမည်ဖြစ်ပါသည်။

ယခုနှစ် အစောပိုင်းတွင် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပိုမိုကောင်းမွန်သော အချက်အလက်များ ထောက်ပံ့ပေးနိုင်ရန် ကုလသမဂ္ဂ၏ စွမ်းဆောင်ရည်များ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ Data We Can Trust ခေါင်းစဉ်ဖြင့် ကုလသမဂ္ဂ အချက်အလက်ဆိုင်ရာ မဟာဗျူဟာကို မိတ်ဆက်ခဲ့ပါသည်။ အချက်အလက်နှင့်စာရင်းအင်းတို့တွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ဆောင်ရွက်ရန်နှင့် အဆိုပါအခြေအနေမှ ပြန်လည်ကောင်းမွန်လာစေရန်အတွက် လိုအပ်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ ရည်ရွယ်ချက်ပန်းတိုင်များ အောင်မြင်စေမည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်မည့် တစ်ခုတည်းသော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

**"မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့်တည်ရှိသည့် အရင်းအမြစ်များအကြား စာရင်းအင်းဆိုင်ရာနယ်ပယ်တွင် တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို ထိရောက်မှုရှိစေရန်အတွက် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ရရှိအသုံးပြုနိုင်ရေးသည် များစွာအရေးကြီး"**

**မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချက်**

မြန်မာနိုင်ငံအနေဖြင့် တိကျမှန်ကန်၍ အရည်အသွေး ပြည့်ဝပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူတို့ အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြင့်စေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ၏ စာရင်းအင်းဥပဒေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief)၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာတို့ကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်း စနစ်ပေါ်ပေါက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို စာရင်းအင်းဥပဒေအရ အဆင့်မြှင့်တင်ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

စာရင်းအင်းဥပဒေကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အသုံးပြုနိုင်မည့် စာရင်းအင်းနည်းဥပဒေကို မကြာခင် ပြဋ္ဌာန်းဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ စာရင်းအင်းများနှင့် ပါဝင်ပတ်သက်သူအားလုံး အတွက် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး စာရင်းအင်းဆိုင်ရာကျင့်ဝတ် (Code of Practice-COP) ကို ထုတ်ပြန်နိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan- MSDP) (၂၀၁၈-၂၀၃၀) ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှု၊ ထိရောက်မှုများကို စောင့်ကြည့် အကဲဖြတ်နိုင်မည့် အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework- NIF) တစ်ရပ်ပေါ်ထွက်လာစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် လစဉ်စီးပွားရေးညွှန်ကိန်းစာစောင်၊ သုံးလပတ်စာရင်းအင်း စာစောင်နှင့် နှစ်စဉ်စာရင်းအင်းစာစောင်တို့ကို ပုံမှန် ထုတ်ဝေလျက်ရှိသည့်အပြင် ကဏ္ဍအလိုက် စာရင်းအင်း စာစောင်များနှင့် စစ်တမ်းအစီရင်ခံစာများကိုလည်း ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့အပြင် တရားဝင်စာရင်းအင်း များကို စာရင်းအင်းအသုံးပြုသူများ လွယ်လင့်တကူအသုံး ပြုနိုင်စေရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့၏ Website များဖြစ်သည့် www.mmsis.gov.mm နှင့် www.csostat.gov.mm တို့မှ ပုံမှန်လွှင့်တင်ထုတ်ပြန်ပေးလျက် ရှိပါသည်။ ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် စာရင်းအင်းအချက်အလက်များ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် စာရင်းအင်း ဆိုင်ရာ သတင်းအချက်အလက်ကို အသေးစိတ်အသုံး ပြုနိုင်ရန် Redatam Web-server ဖြင့် လွှင့်တင်ထား ရှိပါသည်။

မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးလာမှုကြောင့် တရားဝင်စာရင်းအင်းများ၏ Open Data Inventory-2018 Annual Report အရ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံ ၁၈၀ တွင် အဆင့် ၇၉ နှင့် အာဆီယံ ၁၀ နိုင်ငံတွင် အဆင့် ၅ အထိ တိုးတက်လာခဲ့ပါသည်။

**စာရင်းအင်းစနစ် ခိုင်မာအားကောင်းစေရေးအတွက် လိုအပ်ချက်များ**

အရည်အသွေးပြည့်ဝသော စာရင်းအင်းများကို ကောက်ယူစုစည်းထုတ်ပြန်ရာတွင် စာရင်းအင်းအသုံးပြုသူများအတွက် လိုအပ်ပြီး အသုံးဝင်သောစာရင်းအင်းများ ပံ့ပိုးပေးနိုင်ရန်လည်း လိုအပ်သည့်အတွက် Statistics User-Provider Relation ကောင်းမွန်စေရေး သည်လည်း အရေးကြီးပါသည်။ စာရင်းအင်းကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ အကြား အလျားလိုက် ပူးပေါင်းဆောင်ရွက်မှု (Horizontal Cooperation)၊ ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်မှု (Vertical Cooperation) ရှိရန်၊ Data Sharing Policy ကို အကောင်အထည်ဖော်ရန် စာရင်းအင်းထုတ်ပြန်သူ များနှင့် စာရင်းအင်းအသုံးပြုသူများအကြား တိုးတက် ကောင်းမွန်စေရေး၊ စာရင်းအင်းများရှေ့နောက် ညီညွတ် မှုရှိပြီး ယုံကြည်ကိုးစားနိုင်သော စာရင်းအင်းများ ဖြစ်စေ ရေးအတွက် အမျိုးသားစာရင်းအင်းစနစ် (NSS) တွင် ပါဝင်ပတ်သက်သူ (stakeholders) အားလုံး ပူးပေါင်း ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ် နှင့်တည်ရှိသည့် အရင်းအမြစ်များအကြား စာရင်းအင်း ဆိုင်ရာ နယ်ပယ်တွင် တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရေးသည် အလွန်အရေးကြီး ပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာ ဗျူဟာများ၊ မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ အကောင် အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို ထိရောက်မှုရှိစေရန်အတွက် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ရရှိအသုံးပြုနိုင် ရေးသည် များစွာအရေးကြီးပါသည်။

သို့ရာတွင် နိုင်ငံဖွံ့ဖြိုးစေရေးအတွက် အခြေခံဖြစ် သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်ပြီး ခိုင်မာသောစာရင်း အင်းများဖြစ်စေရန် စာရင်းအင်းနှင့်စပ်လျဉ်း၍ ပိုမိုတိကျ မှန်ကန်လိုသည့် လိုလားစိတ် (Political Will) နှင့် စိတ်ပါဝင်စားမှုရှိရန် လိုအပ်နေသေးသည့်အတွက် ပြည်သူများအကြား အသိပညာမြှင့်တင်မှု (Awareness Raising) များကို တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**ဆန်းသစ်ယုံကြည် စာရင်းအင်းအချက်အလက် အခြေတည် ချိတ်ဆက်ဝေမည် ဖွံ့ဖြိုးတိုးတက် နိုင်ငံဆီ**

စာရင်းအင်းအချက်အလက်များသည် အထောက် အထား အခြေပြုမူဝါဒချမှတ်ရာတွင် အခြေခံဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ တိကျခိုင်မာ၍ ယုံကြည်ရသော အချက်အလက်များသည် ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာကြီးကိုပြုပြင်ပြောင်းလဲရာတွင် အထောက်အကူပေး နိုင်လိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့ ဆောင်ပုဒ်နှင့်အညီ ယုံကြည် စိတ်ချရပြီး ပြီးပြည့်စုံသည့် စာရင်းအင်း အချက်အလက်များ၊ တီထွင်ဆန်းသစ်မှုရှိသော နိုင်ငံတကာအဆင့်မီ စာရင်း အင်းစနစ်များကသာ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုး ဖြစ်ထွန်းစေရေးကို အထောက်အကူပြုမည် ဖြစ်ပါ ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

# မိုးမိတ်မြို့ ၌ နှာခေါင်းစည်း မတပ်ဆင်သူများအား ဒဏ်ကြေးငွေပေးဆောင်စေသည့် အစီအစဉ်စတင်

**မိုးမိတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးဆိုင်ရာ ကျန်းမာရေးသတိပေးချက်များနှင့် အညီ နှာခေါင်းစည်းများတပ်ဆင်သည့် အလေ့အကျင့်များ ရရှိစေရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိသူများအား ဒဏ်ကြေးငွေ ပေးဆောင်စေသည့်အစီအစဉ်ကို အောက်တိုဘာ ၁၉ ရက်က ကုန်စိမ်းနှင့် သားငါးယာယီဈေးနှင့် စည်ပင်သာယာအဝိုင်းတို့တွင် စတင်ဆောင်ရွက် သည်။

မိုးမိတ်မြို့နယ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က မြို့တွင်းရှိ လမ်းများတွင် လှည့်လည်နှိုးဆော်ခြင်းကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် ဆောင်ရွက်ပေးခဲ့ပြီး အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်သည့်အလေ့အကျင့် ဖြစ်စေရေး အတွက် ယခုဝယ် ယခုတပ် အစီအစဉ်ကို ယနေ့မှစတင်၍ နေ့စဉ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တပ်ဆင်ခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၂၀၀ ကို သတ်မှတ်ကောက်ခံမည်ဟု သိရသည်။ **မိုးမိတ်သား(စည်သူဌေး)**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးရွာသုံးရွာ မီးလင်းရေးဖွင့်ပွဲ ကျင်းပ



**ရေတာရှည် အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ဝန်းကျင်ရှိ ကျေးရွာသုံးရွာတွင် ယမန်နေ့က အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)ဖြင့် မီးလင်းရေးဖွင့်ပွဲပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆွာမြို့အရှေ့ နှစ်မိုင်ခန့်အကွာရှိ ရွှေကဖောင်း(အလယ်ရွာ)၌ မီးလင်းရေးဖွင့်ပွဲ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်ဒေသများတွင် ယခုကဲ့သို့ လျှပ်စစ်မီးများရရှိခြင်းကြောင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိကြသည့်အခါ မီးလင်းနေရုံဖြင့် ကျေနပ်မနေဘဲ မိမိတို့ဒေသနှင့် လိုက်လျောညီထွေရှိမည့် တစ်ပိုင်တစ်နိုင်စက်မှုလက်မှု လုပ်ငန်းများကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ဝင်ငွေများရရှိကာ မိသားစုစားဝတ်နေရေးအတွက် စီးပွားရေးအရ အဆင်ပြေချောမွေ့ကြမည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ဆွာမြို့ လျှပ်စစ် အင်/ယာမှူး ဦးကျော်စိုးမိုးက လျှပ်စစ်မီးလင်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် လျှပ်စစ်အန္တရာယ် ဖြစ်ပွားမှုမရှိစေရန် ကိစ္စရပ်များ စီမံထားရှိမှုကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွာမြို့ အနောက် နှစ်မိုင်ခန့်အကွာရှိ ရွှေတောင်ကြား(အနောက်ရွာ) နှင့် ရွှေတောင်ကြား(အရှေ့) ရွာတို့ကို ဆက်လက်သွားရောက်၍ မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်သည့် ကျေးရွာသုံးရွာအပါအဝင် ကျေးရွာပေါင်း ၁၈ ရွာ မီးလင်းပြီဖြစ်ကြောင်း သိရသည်။

ကိုလွင် (ဆွာ)

# တောင်ဥက္ကလာပမြို့နယ်၌ စောင့်ကြည့်လူနာများ ထပ်မံထားရှိရန် ကြိုတင်ပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ဝင်းအတွင်းရှိ ယောဂီဆောင် အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာကို စောင့်ကြည့်လူနာများ ထပ်မံထားရှိရန်အတွက် ယမန်နေ့က သန့်ရှင်းရေးနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ယောဂီဆောင်အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာတွင် တတိယအကြိမ် စောင့်ကြည့်လူနာများ ထပ်မံထားရှိနိုင်ရေးအတွက် ဆေးဖျန်းခြင်း၊ လိုက်ကာများအသစ်လဲလှယ်ခြင်း၊ သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ခုတင်များ အသစ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ညနေပိုင်းမှစတင်၍ စောင့်ကြည့်လူနာများ ထားရှိမည်ဖြစ်သည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ နာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၊ အမှတ်(၁၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ခင်ဆွေနှင်း (ပြန်/ဆက်)

# ကျောက်မဲမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့

**ကျောက်မဲ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအုန်းကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၇ ရက်က နောင်ပိန်ကျေးရွာ၌ ကျောက်မဲမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာအိမ်ထောင်စု ၁၀၁၄ စု ရှိ လူဦးရေ၃၄၄၀ အတွက်စားနပ်ရိက္ခာများကို ထောက်ပံ့ပေးကြောင်း သိရသည်။

ပြည်နယ် ဝန်ကြီးနှင့်အဖွဲ့သည် နေရပ်စွန့်ခွာသူများရှိရာ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် နောင်ပိန်ကျေးရွာမှ ဒေါ်ကြည်အေး နေအိမ်တွင်တွေ့ဆုံ၍ ဒေသအခြေအနေများကို မေးမြန်းဆွေးနွေးကာ အားပေးစကားများ ပြောကြားပြီး အိမ်ထောင်စု ၁၀၁၄ စု အတွက် ငွေကျပ် ၈၄ သိန်းကျော် တန်ဖိုးရှိ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်နီ၊ ငါးသေတ္တာဘူးများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန် ၃၉၃ အိတ်တို့ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းပေးအပ်သည်။



ကျောက်မဲမြို့နယ် အတွင်းရှိ နေရပ်စွန့်ခွာစခန်း ၁၀ ခုမှ နေရပ်စွန့်ခွာသူ ၃၄၄၀ ရှိပြီး ဒေသအခြေအနေ အေးချမ်းပြီဖြစ်သောကြောင့် အဆိုပါ နေရပ်စွန့်ခွာသူများထဲမှ ၉၀ ရာခိုင်နှုန်းခန့်သည် အောက်တိုဘာ ၁၇ ရက်က ၎င်းတို့၏ နေအိမ်သို့ ပြန်သွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ရေး ပစ္စည်းများသည် နေအိမ်သို့ ပြန်သွားသည့် နေရပ်စွန့်ခွာသူများ စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်ထောက်ပံ့ပေးခြင်းဖြစ်သည့်အတွက် ယင်းထောက်ပံ့ထားသည့် ရိက္ခာများကို ကျေးရွာ အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ နေရပ်စွန့်ခွာသူများအား ပြန်လည် ထောက်ပံ့ပေးရမည် ဖြစ်ကြောင်း သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)

# မြို့နယ်အတွင်း အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်မှု အလေးထားဆောင်ရွက်ရန် နေ့စဉ်ကြပ်မတ်စစ်ဆေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့မဈေးကြီးအတွင်းနှင့် မြို့လယ်ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ကိုဗစ်- ၁၉ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ နှာခေါင်းစည်းတပ်ဆင်လာခြင်း မရှိသူများအား အသိပညာပေးခြင်းနှင့် စည်းကမ်းလိုက်နာခြင်းမရှိသူများအား ဒဏ်ကြေးငွေပေးဆောင်စေခြင်းဖြင့် စည်းကမ်းလိုက်နာမှုရှိစေရန် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်မှုတွင် ကိုဗစ်-၁၉ မြို့နယ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း ဈေးရောင်းသူ ဈေးဝယ်သူများနှင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သွားလာနေသူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသူများအား နှာခေါင်းစည်းတပ်ဆင်လာခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၁၅၀၊ နှာခေါင်းစည်း တစ်ခုတန်ဖိုးငွေကျပ် ၅၀ စုစုပေါင်း ငွေကျပ်၂၀၀ ပေးဆောင်စေပြီး ခုဝယ်ခုတပ် အစီအစဉ်ကို ဆောင်ရွက်သည်။

အောက်တိုဘာ ၈ ရက်မှစ၍ နေ့စဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကြပ်မတ်ဆောင်ရွက်လျက်ရှိသောကြောင့် ယခုအခါ အပြင်ထွက်လာသူတိုင်း နှာခေါင်းစည်းတပ်ဆင်လာကြသည်ကို တွေ့ရပြီး စနစ်တကျတပ်ဆင်မှုဖြစ်စေရန် အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းစိုး(ကွမ်းခြံကုန်း)

စာမျက်နှာ ၂၁ မှ




အခြေခံပညာကျောင်းများတွင် ကျောင်းသင်ရိုးညွှန်းတမ်းသာမက ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်များဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ စွဲမြဲသွားနိုင်စေရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၄၁၂၅ ကျောင်းတွင် စာကြည့်တိုက် အသုံးစရိတ်အဖြစ် ငွေကျပ် ၄၃၃၉ သန်းအထိ သုံးစွဲခဲ့ပါသည်။

ကျောင်းသား ကျောင်းသူများ သောက်ရေနှင့် သုံးရေအသုံးပြုနိုင်သော အခြေခံပညာကျောင်းပေါင်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ၄၀၄၃၃ ကျောင်းအထိ ရှိပြီ ဖြစ်ပါသည်။




(ဆက်လက်ဖော်ပြပါမည်)

# ချောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အစည်းအဝေးပြုလုပ်

**ချောက် အောက်တိုဘာ ၁၉**

ချောက်မြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲကျင်းပပြီး ကာလတို့တွင် လုံခြုံရေးတာဝန် ထမ်းဆောင်ကြမည့် အထူးရဲများနှင့် ပညာရေးဝန်ထမ်းများအား နေရာချထားရေး၊ အသက် ၆၀ ပြည့်ပြီးသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွတ်လပ်မျှတစွာ ပါဝင်ယှဉ်ပြိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ လျာထားသတ်မှတ်ထားသည့် မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများအား သင်တန်းပေးနိုင်ရေး၊ ပြည်တွင်းပြည်ပ ရောက်နေသူများ ပြန်ရောက်လာပါက ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပြင်ဆင်ရေး၊ မဲရုံများတွင် အသုံးပြုရမည့်ပစ္စည်းများကို မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများထံ ထုတ်ပေးရေးစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

မချို(ပြန်/ဆက်)

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် UAB ဘဏ်လုယက်မှုမှ တရားခံဖော်ထုတ်ရရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် UAB ဘဏ်လုယက်မှုမှ တရားခံကို ဖော်ထုတ်ရရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် ရတနာလမ်းထောင့်ရှိ ယူအေဘီဘဏ်အတွင်းသို့ အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ Mask တပ်ဆင်လျက် အမျိုးသားတစ်ဦး ဝင်ရောက်လာပြီး လုံခြုံရေးနှင့် ဘဏ်ဝန်ထမ်းများအား သေနတ်အတု(စိစစ်ဆဲ)ဖြင့် ချိန်ရွယ်၍ ငွေကျပ်သိန်း ၂၀၀ လုယက်ယူဆောင်ပြီး 4D-5422 Mark II အဖြူရောင်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြောင်း၊ အမှုနှင့်ပတ်သက်၍ ဖြစ်လျှင်ဖြစ်ချင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က စုံစမ်းရာ ပြစ်မှုကျူးလွန်သူ အသုံးပြုခဲ့သည့် 4D-5422 Mark II အဖြူရောင်ယာဉ်ကို ကားအတွင်း ထိုင်ခုံများအား ဓာတ်ဆီလောင်းမီးရှို့ထားပြီး ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက်အတွင်းရှိ ဒူးကြားလမ်းပေါ်တွင် ယင်းနေ့ညနေပိုင်းတွင် တွေ့ရှိရကြောင်း။

ယာဉ်နှင့်ပတ်သက်၍စိစစ်ခဲ့ရာ ၎င်းယာဉ်သည် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း၊ ယာဉ်အတွင်းရှာဖွေရာ လေသေနတ်တွင် ထည့်သွင်းအသုံးပြုသည့် ဘောစေ့များနှင့် ယာဉ်ဒက်ရှ်ဘုတ်ပေါ်၌ "ကားရွှေ့လိုလျှင် ၀၉-၆၇၆၇၆၇၅၆၁"ဟု ရေးထားသည့် စာရွက်တစ်ရွက်တွေ့ရကြောင်း၊ ယင်းဖုန်းနံပါတ်ကို စိစစ်ရာ ဖုန်းမှတ်ပုံတင်ထားသူမှာ အောင်ကျော်ထွန်း၊ မှတ်ပုံတင်အမှတ် ၅/ရဘန(နိုင်) ၁၇၈၀၁၁ ရွှေဘိုမြို့နေသူဖြစ်ကြောင်း သိရှိရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ချိတ်ဆက်စုံစမ်းခဲ့ရာ ယင်းမှတ်ပုံတင်ကိုင်ဆောင်သူသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်သည်ကို စုံစမ်းရရှိကြောင်း၊ မှတ်ပုံတင်နံပါတ်ကို အခြေခံ၍ ဆက်လက်စုံစမ်းခဲ့ရာ အောင်ကျော်ထွန်းသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် နေထိုင်ကြောင်း အတည်ပြုရရှိ၍ ၎င်း၏နေအိမ်သို့ အောက်တိုဘာ ၁၆ ရက် ညတွင် စောင့်ကြည့်စိစစ်ရာ ထူးခြားလှုပ်ရှားမှု တစ်စုံတစ်ရာမရှိကြောင်း၊ သို့ဖြစ်၍ နံနက်လင်းချိန်တွင် အိမ်အတွင်း ဝင်ရောက်စိစစ်ခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ ဇနီးဖြစ်သူသာ တွေ့ရှိရပြီး ယာဉ်ပေါ်တွင် တွေ့ရသော ဖုန်းနံပါတ် ၀၉-၆၇၆၇၆၇၅၆၁ မှာ အောင်ကျော်ထွန်း၏ ဖုန်းနံပါတ်မှန်ကန်ကြောင်းနှင့် ယာဉ်မှာလည်း ၎င်းတို့ ဝယ်ယူထားသည့် ယာဉ်မှန်ကန်ကြောင်းကို အတည်ပြုစိစစ်ရရှိခဲ့ကြောင်း။

အောင်ကျော်ထွန်းသည် အဆိုပါယာဉ်ကို စက်တင်ဘာလအတွင်းက Online မှ တစ်ဆင့် အောင်ပြည့်ဖြိုးသူ(ခ)ကောင်းခန့်ကျော်နှင့် ချိတ်ဆက်၍ ဝယ်ယူခဲ့သည်ကို ၎င်း၏ ဖုန်းမှတ်တမ်းများအရ စိစစ်တွေ့ရှိရပြီး ဘောစေ့နှင့်ပစ်သည့် သေနတ်ကိုလည်း Online မှတစ်ဆင့် ချိတ်ဆက်ဝယ်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊ အောင်ကျော်ထွန်းအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းနေစဉ် နံနက် ၇ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် ဗဟိုမီးသတ်ခြံဝင်း၏ အပြင်ဘက်တွင် လူတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူ၏ လက်ကောက်ဝတ်တွင် သွေးကြောအားဓားဖြင့် အနည်းငယ်လှီးထားသည့် ဒဏ်ရာနှင့် သေဆုံးသူအနီး၌ ၅၉ယ/၅၂၆၉၈ နံပါတ်ပါ ဆိုင်ကယ်ကိုတွေ့ရပြီး ဆိုင်ကယ် Toolbox အတွင်းမှ အောင်ကျော်ထွန်း အမည်ပါမှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူတို့ကို တွေ့ရှိရသဖြင့် သေဆုံးသူမှာ အမှုဖြင့် စုံစမ်းလျက်ရှိသည့် အောင်ကျော်ထွန်း ဖြစ်သည်ကို အတည်ပြုရရှိခဲ့ကြောင်း။

ထို့ပြင် ဆိုင်ကယ်အနီး၌ တွေ့ရသည့် စာအုပ်ကြားထဲ၌ ဘရိတ်ဓားငယ်တစ်ခု၊ လုယက်မှုနှင့် ပတ်သက်၍ သွေးနှင့် ရေးထားသည့်စာကိုလည်း တွေ့ရကြောင်း၊ အမှုခိုင်မာစေရေးအတွက် ၎င်းထံ ယာဉ်ရောင်းချခဲ့သည့် အောင်ပြည့်ဖြိုးသူ(ခ)ကောင်းခန့်ကျော်အား စိစစ်ခဲ့ရာ အဆိုပါယာဉ်ကို Online မှ တစ်ဆင့် ချိတ်ဆက်၍ အောင်ကျော်ထွန်းထံ ၁၈ သိန်းဖြင့် ရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ယာဉ်လာဝယ်သည့်နေ့က အောင်ကျော်ထွန်းနှင့်အတူ ၎င်း၏ ဇနီးဖြစ်သူပါ ဆိုင်ကယ်ဖြင့် လာဝယ်သွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အောင်ကျော်ထွန်း၏ ဇနီးအား ယာဉ်လာဝယ်စဉ်က ပါလာသူ ဟုတ်/မဟုတ် တရားသူကြီး တစ်ဦး၏ရှေ့၌ အတည်ပြု ဆောင်ရွက်ခဲ့ရာ မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

စုံစမ်းတွေ့ရှိချက်များအရ UAB ဘဏ်အား လုယက်မှုကျူးလွန်သူမှာ အောင်ကျော်ထွန်းဖြစ်သည်ကို တယ်လီဖုန်းဆက်သွယ်မှု မှတ်တမ်းများ၊ Online ဆက်သွယ်မှုမှတ်တမ်းများ၊ ဆက်စပ်ဖော်ထုတ်ချက်များအရ အတည်ပြု ဖော်ထုတ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ ပျောက်ဆုံးသွားသော ကြေးခေါင်းလောင်းကြီး ပြန်လည်တွေ့ရှိ

**ရန်ကုန် အောက်တိုဘာ ၁၉**

မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ (အရှေ့ဘက်) သန္တိသုခလမ်းနေ ဦး-----သည် အောက်တိုဘာ ၁၅ ရက်တွင် ၎င်းအကျိုးတော်ဆောင်အဖြစ်လုပ်ဆောင်သည့် သမိုင်းဝင်အောင်စည်းခုံ စေတီတော်မြတ်ကြီး၏မြောက်ဘက် မုခ်ရင်ပြင်ပေါ်ရှိ ကြေးခေါင်းလောင်းကြီးမှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးသိရှိရသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းမှုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းရလျှင်ရချင်း အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်၌ စုံစမ်းဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အမှတ်(၃)လမ်းမကြီး၊ အိုးအိမ်မှတ်တိုင်နှင့် ညောင်ပင်ကားမှတ်တိုင်ကြားရှိ လမ်းဘေးအမှိုက်ပုံ၌ ပျောက်ဆုံးသွားသည့် ကြေးခေါင်းလောင်းအား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်းနှင့် အမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် နောင်ချိုမြို့နယ်၊ မူဆယ်-မန္တလေးသွားကားလမ်း၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကိုမင်းနှင့် ဖိုးစု မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀၀ နှင့် ငွေကျပ် ၁၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မဟာအောင်မြေမြို့နယ်အတွင်း လူသတ်မှုနှင့် အုပ်စုဖွဲ့ရိုက်နှက်ပြစ်မှုကျူးလွန်သူများအား ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်း လူသတ်မှုနှင့် အုပ်စုဖွဲ့ရိုက်နှက်ကာ ပြစ်မှုကျူးလွန်သူများအား အချိန်တိုရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက် ပင်မ (၁၀) လမ်းမကြီးအရှေ့ဘက် စိန်ထိုက်ဆေးဆိုင်အနီး၌ အောက်တိုဘာ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် မောင်ဟိန်းထက်ဦးသည် ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်းနှင့်ယင်းနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ဟေမာမာလာတောင်ရပ်ကွက် ၇၈-၇၉ လမ်းကြား ၃၈လမ်း၌ လူငယ်တစ်စုမှ အုပ်စုဖွဲ့ရိုက်နှက်၍ မောင်ပြည်ငြိမ်းချမ်း၊ မောင်မြင့်ကိုကို၊ မောင်ပြည့်ဇင်အောင်တို့ ဒဏ်ရာများရရှိခဲ့ကြောင်း ကနဦးသတင်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းလှထူး၊မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမှတ်(၇)/ (၉) ရဲစခန်းမှ စခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းအကူဌာနစိတ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လိုက်လံစုံစမ်းဖော်ထုတ်ခဲ့ရာ အောင်မင်းခန့်(ခ)အငယ်ကောင်၊ ဇင်ဘိုအောင်(ခ)ကိုဇင်တို့အား အောက်တိုဘာ ၁၇ ရက် ည ၁၂ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးထွက်ဆိုချက် များအရ အုပ်စုဖွဲ့ဆက်တိုက် ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုးမောင်ပါ ၁၄ ဦးနှင့် ဇင်ဘိုအောင် (ခ) ကိုဇင်ပါ ၂၀ ဦးတို့ကို ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အမှတ် (၇)နှင့် အမှတ်(၉) ရဲစခန်းတို့က အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

**မန်း(ကိုယ်ပွား)**

# မြန်မာအသင်း ယှဉ်ပြိုင်နေသည့် ၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများ ကျင်းပမည့်ရက်ကို ထပ်မံထုတ်ပြန်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲ ကစားမည့်ရက်များကို ပြန်လည် ထုတ်ပြန်မည်ဖြစ်သည်။ ယင်းခြေစစ်ပွဲ လက်ကျန်ပွဲများကို ယခုနှစ်အတွင်း ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။

ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို ယခင်က ယခုနှစ်မတ်နှင့် ဇွန်လတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပထမအကြိမ် ရွှေ့ဆိုင်းခဲ့ရပြီး အောက်တိုဘာနှင့် နိုဝင်ဘာတွင် ထပ်မံကျင်းပရန် သတ်မှတ်ခဲ့သော်လည်း အာရှနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ်ဖြစ်သော မတ်နှင့် ဇွန်လတွင် ပြန်လည်ကျင်းပဖွယ်ရှိနေပြီး ရောဂါအခြေအနေအပေါ် မူတည်၍ ကျင်းပမည့်ရက် အတည်ပြုမည်ဖြစ်သည်။ ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ဒုတိယအကျော့ ပထမပွဲစဉ်အပြီးတွင် ရပ်နားထားရခြင်းဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သုံးပွဲနှင့် လေးပွဲ ကစားရန် ကျန်ရှိနေသည်။ မြန်မာအသင်းသည် အုပ်စု (F) တွင် ဂျပန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ငါးပွဲကစားခြောက်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် ပထမသုံးပွဲဆက်တိုက် အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရခဲ့သဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် မွန်ဂိုလီးယားကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်ကို အိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်ကို အဝေးကွင်းတွင် ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် အရေးနိမ့်ပြီး တာဂျစ်ကစ္စတန်ကို အိမ်ကွင်းတွင် လေးဂိုး-သုံးဂိုး၊ မွန်ဂိုလီးယားကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် သုံးပွဲကစားရန် ကျန်ရှိနေပြီး ဂျပန်အသင်းနှင့် အဝေးကွင်း၊ ကာဂျစ္စတန်အသင်းနှင့်အိမ်ကွင်း၊ တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲများကို တစ်ပေါင်းတည်း ကျင်းပခဲ့သော်လည်း တတိယအဆင့်တွင် သီးခြားစီကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရသည့်အသင်းများမှာ အာရှဖလားပြိုင်ပွဲတွင် တတိယအဆင့်ခြေစစ်ပွဲ ကစားစရာမလိုတော့ဘဲ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုပထမရသည့်ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၂ သင်းမှာ ကမ္ဘာ့ဖလားတတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

●*ကျောဖုံးမှ*

ရမှတ် လေးမှတ်သာ စုဆောင်းထားနိုင်သေးသည်။ ဒေါ့မွန်အသင်းက ဘွန်ဒက်စ်လီဂါတွင် လေးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားကာ ရမှတ် ကိုးမှတ်အထိ စုဆောင်းထားနိုင်သည့် အသင်းဖြစ်သည်။ လာဇီယိုနှင့် ဒေါ့မွန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုအဖြစ် ၂၀၁၈ ခုနှစ် ခြေစမ်းပွဲတွင် တစ်ကြိမ်တွေ့ဆုံဖူးထားပြီး ဒေါ့မွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ပီအက်စ်ဂျီနှင့် မန်ယူအသင်းတို့သည် ချန်ပီယံလိဂ် အုပ်စုအဆင့် အုပ်စု (H) တွင် အစ္စတန်ဘူလ်၊ လိုက်ပ်ဇစ် အသင်းတို့နှင့်အတူ ကျရောက်နေသည်။ ထို့ကြောင့် အုပ်စု (H)သည် ပွဲကျပ်သည်ဟု ဆိုနိုင်ပေသည်။ ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းပြိုင်ပွဲတွင် ခုနစ်ပွဲကစားထားပြီး ငါးပွဲအထိ အနိုင်ရရှိထားကာ နှစ်ပွဲရှုံးနိမ့်ထားသဖြင့် ရမှတ် ၁၅ မှတ် ရရှိထားသည့်အသင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ထိုငါးပွဲတွင် ရဂိုးက ၁၆ ဂိုးအထိရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးက သုံးဂိုးသာရှိသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းအားကောင်းသည်ဟု ဆိုနိုင်ပေသည်။ မန်ယူအသင်းက ပရီမီယာလိဂ်လေးပွဲ ယှဉ်ပြိုင်ကစားထားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ခြောက်မှတ်သာရရှိထားသေးသည်။ အဆိုပါလေးပွဲတွင် မန်ယူအသင်းသည် ရဂိုးက ကိုးဂိုးသာရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်ဂိုးက ၁၂ ဂိုးအထိ ရှိထားသည်။ ထို့ကြောင့် မန်ယူအသင်းသည် တိုက်စစ်ပိုင်းရော ခံစစ်ပိုင်းပါ အားနည်းနေသည်ကို သတိပြုရပေမည်။ မန်ယူအသင်းသည် ယခုပီအက်စ်ဂျီအသင်းနှင့်ပွဲစဉ်ကို အပြောင်းအရွှေ့ဈေးကွက်နောက်ဆုံးနေ့တွင် ခေါ်ယူထားသည့် ကာဗာနီနှင့် တဲလက်စ်တို့ကို အသုံးပြုသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။ မန်ယူတိုက်စစ်မှူးသစ် ကာဗာနီသည် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၁၄ ရက်ကြာ သီးသန့်ခွဲခြားနေထိုင်မှုပြီးဆုံးပြီးနောက် အသင်းဖော်များနှင့်အတူ လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်လျက်ရှိနေကြောင်း သိရသည်။ နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ ပဲရစ်သို့ ထွက်ခွာသွားသော စာရင်းတွင် ကာဗာနီမပါဝင်ကြောင်း သိရသည်။ ပီအက်စ်ဂျီနှင့် မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုအဖြစ် သုံးကြိမ် ရှိထားသည်။ အဆိုပါ သုံးကြိမ်တွင် ပီအက်စ်ဂျီအသင်းက နှစ်ကြိမ်အနိုင် ရရှိထားပြီး မန်ယူအသင်းက တစ်ကြိမ် ပြန်လည်အနိုင်ရရှိထားသည်။ **အောင်ဇော်**

## မြို့နယ်များ၌ မဲရုံမှူးနှင့် ဒုမဲရုံမှူးသင်တန်းများ ဖွင့်လှစ်

**အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအတွက် သင်တန်းကို မြို့နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်လျက်ရှိသည်။**

### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများအတွက် သင်တန်းကို အောက်တိုဘာ ၁၉ ရက်တွင် ပွင့်ဖြူမြို့ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတို့၌ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးသင်တန်းတွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် စုစုပေါင်း ၄၃၈ ဦး တက်ရောက်သင်ကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ဝင်များက စာတွေ့လက်တွေ့ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးခဲ့ကာ သင်တန်းကာလမှာ အောက်တိုဘာ ၁၉ နှင့် ၂၀ ရက် နှစ်ရက်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ မဲဆန္ဒနယ်မြေနှစ်ခု သတ်မှတ်ထားပြီး နယ်မြေ(၁)တွင် မဲရုံ ၈၉ ရုံနှင့် နယ်မြေ(၂)တွင် မဲရုံ ၇၄ ရုံ၊ စုစုပေါင်း မဲရုံ ၁၆၃ ရုံ ဖွင့်လှစ်သွားရန် လျာထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



### ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ဆင့်ပွားသင်တန်းကို ကျောင်းကုန်းမြို့မ အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအုန်းကြိုင် ဦးဆောင်သည့် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦးတို့က သင်ကြားပို့ချခဲ့သည်။

ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၅ အုပ်စုရှိပြီး ရပ်/ကျေး ၂၄ အုပ်စုကို ပထမဆုံး သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရပ်/ကျေး ၂၅ အုပ်စုနှင့် အောက်တိုဘာ ၂၁ ရက်တွင် ရပ်/ကျေး ၁၉ အုပ်စုကို ဆက်လက် သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### မင်းတပ်

ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း ဖွင့်လှစ်မည့် မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအတွက် သင်တန်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ မဲရုံ ၁၁၆ ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်း ၂၃၂ ဦး တက်ရောက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်အတွက် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံ အဝင်/အထွက်နေရာများ၌ လက်သန့်ဆေးရည်ဘူးများ၊ မျက်နှာအကာများလည်း ထားရှိပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခင်ဦးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ခင်ဦး အောက်တိုဘာ ၁၉**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ကျေးလက်နေပြည်သူများ တွေ့ကြုံရသော စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကိုဗစ် - ၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက်(COVID-19 Economic Relief Plan)ကို ရေးဆွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးရွာများ၌ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းမှ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ခင်ဦးမြို့နယ်အတွင်းမှ ကျေးရွာ ခြောက်ရွာကို စီမံကိန်းဝင်ကျေးရွာအဖြစ် စိစစ်ရွေးချယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ကျပ်သိန်း ၁၇၀၀ ဖြင့် ဇူလိုင်လဆန်းပိုင်းက စတင် အကောင်အထည်ဖော်ခဲ့ပြီး အိမ်ခြေ ၁၀၀ အထက် ကျေးရွာများကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၀ နှင့် ၁၀၀ ကြားရှိ ကျေးရွာများကို ကျပ်သိန်း ၂၀၀ မတည်ရန်ပုံငွေအဖြစ် ထုတ်ချေးပေးခဲ့သည်။ ကျေးရွာများရှိ လုပ်ကွက်ငယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများအား လက်ရှိဆောင်ရွက်နေသော ဝင်ငွေတိုးလုပ်ငန်းများကို ချေးငွေဖြင့် တိုးချဲ့လုပ်ကိုင်စေခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းဝင် ကျေးရွာ ခြောက်ရွာမှ ပြည်သူများထံသို့ စီမံကိန်းရန်ပုံငွေများကို ရာနှုန်းပြည့် ထုတ်ချေးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညီညီဦးထံမှ သိရသည်။

**လှိုင်ဝင်းလေး**

## မော်လမြိုင်မြို့နယ်တွင် မဲဆန္ဒရှင်စာရင်းကို လျှောက်ထားပြင်ဆင် ဖြည့်စွက်သူ ၅၇၀၀ ကျော်ရှိ

**မော်လမြိုင် အောက်တိုဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ



မဲဆန္ဒရှင်စာရင်းကို ကြည့်ရှုစစ်ဆေးနေသော မော်လမြိုင်မြို့ခံပြည်သူများ

ကပ်ထားကြေညာခဲ့ရာ မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုသူ ၁၇၀၀၀ ကျော်နှင့် လျှောက်ထားပြင်ဆင်ဖြည့်စွက်သူ ၅၇၀၀ ကျော်ရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

